


ကျေးငှူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဘယ်လို ပုဂ္ဂိုလ် မှ ဓမ္မကထိက ခေါ်ထိုက်သလဲ ?
# ဘယ်လို ပုဂ္ဂိုလ် မှ ယခု ဘဝနိဗ္ဗာန်ရမှာလဲ ?

ဟောကြားသည့်နေ့
၁၀ - ၃ - ၅၄

(၂၂၀)

$1-50

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဘယ်လိုပုဂ္ဂိုလ်မှ ဓမ္မကထိကခေါ်ထိုက်သလဲ?

# ဘယ်လိုပုဂ္ဂိုလ်မှ ယခုဘဝနိဗ္ဗာန်ရမှာလဲ?

ဟောကြားသည့်နေ့

(၁၀-၃-၁၉၅၄)

စာမူခွင့်ပြုချက်အမှတ် - ၇၁၃/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၉၃/၂၀၀၂ (၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ
တန်ဘိုး - (     )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏အမှာစာ

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော တရားတော်များတွင် ဤတရားတော်သည် အထူးခြားဆုံးဖြစ်ပါသည်။

ပထမထူးခြားချက်မှာ ဆရာတော်ဘုရား၏တရားတော်အခွေများတွင် (၁၀. ၃. ၅၄) နေ့တွင် ဟောကြားခဲ့သဖြင့် ရှေးအကျဆုံးတရားတော်တစ်ပုဒ် ဖြစ်ပါသည်။

ဒုတိယထူးခြားချက်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထားသော တရားဟော ဓမ္မကထိက ဖြစ်ထိုက်တဲ့ အရည်အချင်းကို ဟောကြားတော်မူထားပါသည်။

တရားနာ ယောဂီများ၏စိတ်တွင် ဝေဒနာအပေါ်၌ ၁။ ငြိမ်းငွေ့အောင် ၂။ စွန့်လွှတ်ချင်အောင် ၃။ ဝေဒနာအကုန်ချုပ်ရင် ကြိုက်တယ်လို့ ယောဂီများသန္တာန်၌ ပေါ်အောင် ဟောနိုင်၊ ဆုံးမနိုင်မှ ဓမ္မကထိကအဖြစ်ဆိုခြင်းငှာ ထိုက်၏။

တတိယထူးခြားချက်မှာ တရားအတိုင်းကျင့်နေတဲ့ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်၏ အရည်အချင်းကို မြတ်စွာဘုရားကိုယ်တော်တိုင်ဖြေကြားထားပုံကို ဟောကြားတော်မူထားပါသည်။

တရားအတိုင်း ကိုယ်တိုင်ကျင့်မှ ရမည်ဖြစ်သဖြင့် မြတ်စွာဘုရားက ကျင့်စဉ်ကို ဟောကြားထားတော်မူရာတွင် ရှေးဦးစွာ ဖြစ်ပျက်မြင်အောင်ရှုရမယ်၊ ရှုပါများလာတော့ ငြီးငွေ့လာမယ်၊ အဲဒီကျတော့ လောကုတ္တရာတရားနဲ့လျော်အောင် ကျင့်တဲ့ပုဂ္ဂိုလ်ဖြစ်သွားပါပြီ။

စတုတ္ထထူးခြားချက်ကတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန်းတစ်ပါးကမေးလို့ဖြေကြားထားသော ယခုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်၏ အရည်အချင်းများကို ဟောကြားတော်မူထားပါသည်။

ဘုရားက ဖြေကြားရာမှာ ဝေဒနာကို ငြီးငွေ့ပြီး ဝေဒနာအပေါ်၌ တပ်မက်ခြင်းကို စွန့်လွှတ်သဖြင့် ဝေဒနာချုပ်ရာကို လုံးဝကြိုက်နေသောကြောင့် ဘယ်ဝေဒနာမှ မစွဲလမ်းဘဲနဲ့ နေတဲ့ ပုဂ္ဂိုလ်ဟာ ယခုဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ဟူ၍ ငါဘုရား က ဆိုပါတယ်ကွာတဲ့။

ပဉ္စမထူးခြားချက်ကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အစီအစဉ်ကိုင်ပြီး ဟောကြားညွှန်ပြသဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်များအတွက် အလုပ်မှန်ကန်ကြောင်း ဝမ်းမြောက်ဖို့ရာဖြစ်လာပါသည်။

သို့ဖြစ်၍ တရားတော်နာပြီး တရားတော်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသော သူတော်ကောင်း အပေါင်း၏ အလုပ်စဉ်သည် နိဗ္ဗာန်ရောက်ကြောင်းအတွက် ခရီးပေါက်၊ ခရီးရောက်နေကြောင်း သက်သေပြထားပြီးဖြစ်ပါသည်။ ကျေးဇူးကြီးမားလှပါသည်။

သူတော်ကောင်း ရတနာ (၇) ပါးပြည့်စုံကြပါစေ။

၂၉. ၉. ၂၀၀၂ အလုပ်အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဘယ်လိုပုဂ္ဂိုလ်မှမမွှကထိကခေါ် ထိုက်သလဲ?
# ဘယ်လိုပုဂ္ဂိုလ်မှယခုဘဝနိဗ္ဗာန်ရမှာလဲ?

ဟောကြားသည့်နေ့ (၁၀-၃-၅၄)

ဒကာ၊ ဒကာမတွေ တရားများများမလိုက်ဘဲနဲ့၊ ဧကောမမ္မောဆိုတဲ့အတိုင်း တရားကို တစ်ခုတည်းအားထုတ်ပါ။ မိမိတို့ဉာဏ်ထဲမှာ အမြင်ဆုံးအထင်ဆုံးဖြစ်တဲ့ ဝေဒနာသုံးမျိုးကိုပဲ ခင်ဗျားတို့ကြည့်လို့ရှိရင် လိုရာခရီးကို မုချအားဖြင့်ရောက်မယ် ဆိုတာ ယနေ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တိုက်ရိုက် ဟောပြီ. . . (မှန်လှပါဘုရား)။

ယနေ့တိုက်ရိုက်ဟောပြီ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူတယ်၊ ထိုသို့နေတော်မူတဲ့အချိန်၌ ရဟန်းတစ်ပါးကလျှောက်တယ်၊ ပုစ္ဆာသုံးချက်ကိုလျှောက်တယ်။

## အမေးပုစ္ဆာသုံးချက်

အရှင်ဘုရားတဲ့- ဓမ္မကထိကဆိုတာ ဘယ်လိုဟာ ဓမ္မကထိကပါလဲ၊ ဘယ်လိုဟာ ဓမ္မကထိကလဲလို့ (၁) နံပါတ် မေးလိုက်တယ်။

(၂) နံပါတ်ကတော့ ဓမ္မာနု ဓမ္မပဋိပန္နပုဂ္ဂိုလ် ဆိုတာဘယ်လိုပုဂ္ဂိုလ်ကို ဓမ္မာနု ဓမ္မပဋိပတ္တိ - ဓမ္မာနု ဓမ္မပဋိပန္နပုဂ္ဂိုလ်လို့ ဆိုပါသလဲ။

(၃) နံပါတ်က ဒိဋ္ဌဓမ္မနိဗ္ဗာန - ယခုဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကိုဆိုပါသလဲ။

ပုစ္ဆာဘယ်နှစ်ချက်လဲ - (သုံးချက်ပါဘုရား)၊ သုံးချက်၊ သုံးချက်။ ဒကာဒကာမတို့ ခင်ဗျားတို့လုပ်နေတဲ့အလုပ်သည် မည်မျှလောက် ခရီးရောက်နေတယ်ဆိုတာ၊ ဘုရားကိုယ်တော်မြတ်ကြီး အခုရဟန်းမေးတဲ့ အဖြေကိုဖြေရတဲ့အခါကျတော့၊

အားထုတ်နေကြတဲ့အလုပ်ဟာ၊ သာမညခရီးပေါက်လို့ သာမည ရောက်နေတာမဟုတ်ပါလားဆိုတာ ဒီပုစ္ဆာတွေကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဖြေပေးတဲ့ အခါကျ တော့မှ မိမိတို့မှာ ဝမ်းမြောက်ဖို့ရာတွေအများကြီး ပေါ်လာတာ ထင်ရှားပါ လိမ့်မယ်။

## (၁) အဘယ်ပုဂ္ဂိုလ်ကို ဓမ္မကထိကဆိုရမလဲ

အဲဒီတော့ ဒီမှာ ပါဠိတော်က -

ဓမ္မကထိကောတိ - ဓမ္မကထိကဟူ၍၊ ဝုစ္စတိ ဟောတော်မူအပ်ပါသနည်း၊ ဓမ္မကထိကကောတိ ဓမ္မကထိက ဟူသည် အဘယ်မျှလောက်၊ အဘယ်ပုဂ္ဂိုလ်ကို ဓမ္မကထိကဆို ရပါသလဲ၊ ဒါကြောင့် ဓမ္မကထိကော၊ ဓမ္မကတိကောတိဘန္တေ-ဆိုပြီး အရှင်ဘုရား ဓမ္မကထိကဆိုတာ ဘယ်လိုဟာ ဓမ္မကထိက၊ ဓမ္မကထိကအဖြစ်နဲ့ တပည့်တော်တို့က မှတ်ယူပြီးနာရမှာလဲ၊ မမေးသင့်ဘူးလား (မေးသင့်ပါတယ်) မေးသင့်တယ်တဲ့။

## ဘုရားကအဖြေပေးတဲ့ ဓမ္မကထိက

မေးသင့်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဖြေရှာတယ် (တင့်ပါ) ဒီလိုမှတ်ပါကွာတဲ့ - ဓမ္မကထိကဆို တာ ဝေဒနာယစေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ

ခမ္ဘဒေသေတိ ဝေဒနာသည် ဒကာ ဒကာမတွေ နိဗ္ဗိဒါယ -,ငြီးငွေ့အောင်ဟောနိုင်လို့ရှိရင် ဝေဒနာအကြောင်းကို ကောင်းကောင်းပြောပြီး ဝေဒနာကို ငြီးငွေ့ရွံ့မုန်းလာလောက်အောင် ဟောနိုင်လို့ရှိရင် "ဝေဒနာယစေ ဘိက္ခုနိဗ္ဗိဒါယ" ဝိရာဂါယတဲ့ ဝေဒနာအကြောင်းကို နည်းနည်းမှ ဒီရုပ်ခန္ဓာကြီးနဲ့ကို ဆက်သွယ်လိုစိတ်ကို မရှိချင်အောင် ဟောနိုင်တဲ့ပုဂ္ဂိုလ် (မှန်ပ့ါ)။

ဝေဒနာကြီး လုံးလုံးချုပ်ပျောက်သွားရင်ဖြင့် သေသေချာချာကောင်းမှာပဲလို့ ဉာဏ်ထဲရောက်အောင် ဟောနိုင်တဲ့ပုဂ္ဂိုလ်ကို ဓမ္မကထိကလို့ဆိုရမယ်ကွတဲ့ (မှန်ပ့ါ)။

ဓမ္မကထိက၊ ဓမ္မကထိကဆိုတာပေါ်လာပြီလား (ပေါ်လာပါပြီဘုရား) ဒါကြောင့် ဘုရားက "ဝေဒနာယစေဘိက္ခုနိဗ္ဗိဒါယ ဝိရာဂါယနိရောဓာယ ဓမ္မံဒေသေတိ၊ ဓမ္မကထိကောဘိက္ခုူထိ အလံဝစာနာယ"

ဘိက္ခု = ရဟန်း၊ ဓမ္မကထိကောတိ - အဲဒီနားကိုနိုးအောင် ဝေဒနာကြီးနဲ့တစ်ခါတည်း ကင်းချင်တဲ့ဉာဏ်ပေါ်အောင် ဝေဒနာတို့ကို တကယ်တန်းချုပ်ချင်တဲ့သဘောမျိုး ဝေဒနာနဲ့ကို ဘယ်တော့မှ မနေချင်တဲ့သဘောမျိုး (တင့်ပါ) အဲဒီကဲ့သို့ ရောက်အောင် ဟောနိုင်လို့ရှိရင်ဖြင့်တဲ့ ဓမ္မကထိကဆိုတဲ့ ဥစ္စာဆိုခြင်းငှာ ထိုက်ပါတယ်ကွာတဲ့ (မှန်ပ့ါ) ဒီလိုဟောနိုင်လို့ရှိရင်တော့ (မှန်ပ့ါ)။

ခပ်မွဲဒေသေတိ မင်္ဂလာထိကော ဘိက္ခုတိ အလံဝစာနာယ။

## တရားနာရင်သတိထားနာ

ဘုရားကကိုယ်တော်တိုင်ဟောပြန်တယ်၊ အားလုံး ဒကာ ဒကာမတို့ တရားနာတဲ့အခါမှာ ရှေ့သတိထားရလိမ့်မယ် (မှန်လှပါဘုရား) တရားနာတဲ့အခါမှာ ရှေ့ကိုဘယ်လိုပုဂ္ဂိုလ် အချိုးအစားရှိတာကို ဒီတရားနာရမယ်ဆိုတဲ့ဥစ္စာသည် ဘုရားက အခု အစီအစဉ်ပေးနေပြီ (မှန်လှပါဘုရား)။

ဥပမာ ဝေဒနာဟောနေတဲ့ဆရာဆိုလို့ရှိရင်လည်း ဝေဒနာကို ငြီးငွေ့လာအောင် ဟောနိုင်တဲ့မင်္ဂလာထိက (တင်ပါ့) ဝေဒနာပေါ်၌ ဒကာ ဒကာမတွေ မှတ်ရိုးမှတ်တမ်းနဲ့ကို တစ်ခါတည်း နည်းနည်းမှ ဒီဝေဒနာက္ခန္ဓာကြီးကိုမရချင်တော့ပါဘူးဆိုတဲ့ ဉာဏ်ပေါ် အောင် ဟောနိုင်တဲ့မင်္ဂလာထိက (မှန်ပါ့ဘုရား)။

## ဉာဏ်ပေါ်အောင် ဟောနိုင်ရမယ်

ဝေဒနာချုပ်သွားလို့ရှိရင်ဖြင့် တပည့်တော်တို့ အလွန်ဆုံးကြိုက်မှာပဲဆိုတဲ့ဉာဏ်ပေါ် အောင် ဟောနိုင်တဲ့ မင်္ဂလာထိကမှသာလျှင် မင်္ဂလာထိကလို့ ငါဘုရားကဆိုခြင်းငှာ ထိုက်တယ်လို့ ဆုံးဖြတ်ချက်ချသကွာတဲ့ (မှန်ပါ) ၁။ နံပါတ် ၁။ နံပါတ် (မှန်ပါ)။

ဒါဖြင့် တရားနာလာကြတဲ့ ဒကာ ဒကာမတွေ ရုပ်ဟော နေတဲ့ ဆရာတွေ့လို့ရှိရင် ရုပ်ပေါ်မှာ ငြီးငွေ့မှု၊ ကန့်ကွက်မှု၊ ရုပ်ချုပ်တာကို သဘောကျမှု၊ ဤကဲ့သို့ ခင်ဗျားတို့ စိတ်ထဲမှာ ပေါ်တဲ့ ပုဂ္ဂိုလ်မျိုးကို တရားနာရလိမ့်မယ်။

တရားနာမှုသည်ကားလို့ဆိုလို့ရှိရင် ဒကာစိန်ရေ ငြီးရအောင်လို့ နာရလိမ့်မယ်၊ တဏှာပွားပြီးသကာလ ဟုတ်လား၊ တဏှာတွေပွားပြီး သကာလ ဘုံဘဝတွေတောင့်တကြောင့်ကြပြီး နေတဲ့ ဥစ္စာက တဏှာပွားတာ (မှန်ပါ့)။

ငြီးငွေ့တာပါရဲ့လား၊ စွန့်လွှတ်ချင်တာပါရဲ့လား (မပါပါ ဘူးဘုရား) အေးခန္ဓာငါးပါးချုပ်ခြင်းကို သဘောကျတာပါရဲ့လား (မပါပါဘူးဘုရား)၊ အဲဒါမျိုးကို ငါဘုရားက ဒီလိုဟောနေတဲ့ ပုဂ္ဂိုလ်ကို ဓမ္မကထိကလို့ ငါကမဆိုဘူးကွတဲ့ (မှန်ပါ့) မဆိုသေး ဘူးတဲ့၊ မဆိုသေးဘူးတဲ့ (မှန်ပါ)။

အဲဒီတော့ ဒကာ ဒကာမတို့ တရားဟောနာတဲ့အခါမှာ လည်း ရွေးရမယ့်ပုဂ္ဂိုလ်ပါလာတယ် (ပါလာပါတယ်ဘုရား)။

## ခန္ဓာကိုရှုံ့မုန်းအောင်ဟောတတ်ရမယ်

ဒီလိုပြောကြစို့ဆိုတော့ ခန္ဓာကိုယ်ကြီးကို ရှေးဦးစွာ ရှုံ့မုန်းအောင်ဟောတတ်တဲ့ဆရာ၊ ခန္ဓာကိုယ်ကြီးကို စွန့်ချင်တဲ့စိတ်ပေါ်ပေါက်လာအောင် ဟောတတ်တဲ့တရား ဟောဆရာ (မှန်ပါ)။

ခန္ဓာကိုယ်ကြီး ချုပ်သွားလို့ရှိချင်ဖြင့် သေသေချာချာ ကောင်းမှာပဲဆိုပြီး သကာလ စိတ်ထဲမှာရောက်လာအောင် ဟောနိုင်တဲ့ ဓမ္မကထိကမျိုးမှသာလျှင် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မကထိကလို့ ငါဆိုလိုက်တယ်ကွာ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ယခုဘုန်းကြီးသည်ကားလို့ဆိုရင် ဝေဒနာအကြောင်းချည်းသာဟောနေလိုက်တာ တစ်လခွဲ၊ နှစ်လလောက်ရှိနေပြီ၊ ဘုရားဟောတော်မူတာတွေနဲ့လည်း ကိုက်တယ်၊ (မှန်ပါ့ဘုရား)

"ဝေဒနာယစေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ဓမ္မံ ဒေ သေတိ ဓမ္မကထိကော ဘိက္ခုုတိ အလံ ဝစနာယ၊"

ဝေဒနာယ - ဝေဒနာကို နိဗ္ဗိန္ဒာယ - ငြီးငွေ့ခြင်းငှာ၊ နိဗ္ဗိန္ဒဉာဏ်လာအောင်ပေါ့ဗျာ၊ ဝိရာဂါယ ဝေဒနာပေါ်၌ နှစ်သက်ခြင်းကင်းခြင်းငှာ၊ နိရောဓာယ ဝေဒနာချုပ် ပျောက်ခြင်းငှာ နိဗ္ဗာန်ရောက်အောင်ပေါ့ဗျာ၊ ဓမ္မံ - တရားကို၊ ဒေသေတိ - ဟော၏ ဣတိ - ထို့ကြောင့် ဓမ္မကထိကောတိ၊ ဣတိ - ထို့ကြောင့် ဓမ္မကထိကော ဓမ္မကထိကမည်၏။ ဣတိ - ဤသို့၊ ဝစနာယ ဓမ္မကထိကဟုဆိုခြင်းငှာ၊ အလံ-ထိုက်၏။

တစ်ခါတည်း ဒီလိုပုဂ္ဂိုလ်မှသာလျှင် ဓမ္မကထိကဆိုတာ ပြောဆိုဖို့ထိုက်သပေါ့လို့ ဘုရားကဟောလာပြန်တယ်. . . (မှန်ပါ)၊ အလံဝစနာယကို ဝစနာယဆိုခြင်းငှာ အလံ-ထိုက်ပါ

တယ်တဲ့၊ အခုန ပြောခဲ့တဲ့အင်္ဂါတွေနဲ့ညီအောင် ဟောနိုင်လို့ ရှိရင်ဖြင့် ဓမ္မကထိက၏ အဓိပ္ပါယ်ဟာ သေသေချာချာ သက်ရောက်ပါတယ်၊ ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ တရားနာလို့ရှိရင်ဖြင့် တရားဟောဆရာတွေ၊ တရားဟော ဆရာတော် သမားတော်တွေ ဟောကြလိမ့်မယ်နော်။

## ဘယ်လိုရှိမှ ဓမ္မကထိကဆိုထိုက်သလဲ

ခင်ဗျားတို့က ငြီးငွေ့သည်တိုင်အောင် စွန့်လွှတ်ချင်သည့် တိုင်အောင်ခန္ဓာကိုယ်ကြီးပေါ့ဗျာ၊ ဒီခန္ဓာကိုယ်ကြီးချုပ်ငြိမ်းသွား လို့ရှိရင်ဖြင့် အင်မတန်မှ ဆန္ဒပြင်းပြပြီး သကာလ လာသည့် တိုင်အောင်ဟောနိုင်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့် ဓမ္မကထိကဆိုခြင်း ငှာ ထိုက်လေသောကြောင့် ခင်ဗျားတို့ ကြပ်ကြပ်နာပါ (မှန်ပါ့ ဘုရား)။

ကြပ်ကြပ်နာရမယ်တဲ့၊ အဲဒီလိုပဲ တရားနာနည်းကျ၊ ကနေ့တော့ ဒကာ ဒကာမတို့ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့မှတ်ထား စရာက ဝေဒနာပေါ်၌ ငြီးငွေ့ခြင်းငှာ ဝေဒနာကို စွန့်လွှတ်ခြင်းငှာ ဝေဒနာလုံးဝချုပ်ခြင်းငှာ၊ ဟောတဲ့ပုဂ္ဂိုလ်ကို ဓမ္မကထိကလို့ဆိုခြင်း ငှာ ထိုက်တယ်လို့ ခင်ဗျားတို့ကလည်း မှတ်ဦး (မှတ်ပါမယ် ဘုရား)။

## ဝေဒနာသုံးပါးဒုက္ခသစ္စာ

ဒါဖြင့် ဒကာစိန်ရေ-ဘုန်းကြီးတို့ ဝေဒနာကို ဒကာ ဒကာမတွေကို ဟောနေတဲ့အခါကျတော့ သုခဝေဒနာကလည်း ဒုက္ခသစ္စာမို့ ခင်ဗျားတို့ သုခဝေဒနာနဲ့လည်းနေချင်သေးရဲ့လား . . . (မနေချင်ပါဘူးဘုရား) ဒုက္ခဝေဒနာကလည်း ဖြစ်ပျက်ဆုံး ဒုက္ခသစ္စာဖြစ်လေသောကြောင့် ဒုက္ခဝေဒနာနဲ့ကော နေချင်သေး ရဲ့လား. . . (မနေချင်ပါဘူး ဘုရား)။ ဥပေက္ခာ ဝေဒနာကလည်း ဖြစ်ပျက်ဆုံး ဒုက္ခသစ္စာဖြစ်လေသောကြောင့်လည်း နေချင်သေး ရဲ့လား. . . (မနေချင်ပါဘူးဘုရား)။

အေး- အဲဒီလို ခင်ဗျားတို့စိတ်ထဲမှာလည်း ငြီးငွေ့လာရ မယ် (မှန်ပါ)၊ ဟုတ်လား. . . ။

ဝီရာဂါယတဲ့ ဒကာ ဒကာမတို့ ဒီဝေဒနာကြီးဖြစ်ပျက် ဒုက္ခ သစ္စာကြီး မှန်နေတော့ ခင်ဗျားတို့နာရင်လည်း စွန့်ချင်မှာပဲ၊ ကိုယ့်ဟာကိုယ် ဉာဏ်နဲ့အားထုတ်ကြည့်တဲ့အခါမှာလည်း ဝေဒနာပဲ၊ ဝေဒနာပဲ၊ ဒုက္ခသစ္စာ ခေါ်တဲ့တရားကြီးပါပဲ။ အမြဲတမ်းရှိနေသောကြောင့် ခင်ဗျားတို့ မစွန့်ချင်ပေဘူးလား . . . (စွန့်ချင်ပါ တယ်ဘုရား)။

အဲဒီစောင့်နေတဲ့ဉာဏ်လာတာဟာလည်း ဓမ္မကထိက ကောင်းလို့ အဲဒါလာတာ၊ ဝေဒနာက္ခန္ဓာကြီး၊ ဝေဒနာတွေ အကုန်

ဇာတ်သိမ်းသွားမယ်၊ ချုပ်ပျောက်သွားမယ်ဆို၊ အားလုံး ဒကာ ဒကာမတွေ မကြိုက်ဘူးလား. . . (ကြိုက်ပါတယ်ဘုရား)။

အေး-အဲဒီလို ခင်ဗျားတို့စိတ်ထဲမှာပေါ် လို့ရှိရင်ဖြင့်တဲ့ ခင်ဗျားသန္တာန်မှာ ခင်ဗျားတို့ ဆိုဆုံးမနေတဲ့ ဆရာဖြစ်စေ၊ ဟုတ်လား-ဓမ္မကထိကဆိုခြင်းငှာ ထိုက်သည် (မှန်လှပါဘုရား)။

## ဒီသုံးမျိုးဟောနိုင်မှ ဓမ္မကထိက

ခင်ဗျားတို့ စိတ်ထဲမှာ ဉာဏ်ထဲမှာ သုံးမျိုးပေါ်ပြီဗျ၊ ၁။ ငြီးငွေ့တယ်၊ ၂။ စွန့်လွှတ်ချင်တယ်၊ ၃။ ဝေဒနာ အကုန်ချုပ်ရင် ကြိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဝေဒနာတွေနဲ့အညီ ခင်ဗျားတို့သန္တာန်ပေါ်တဲ့ ဆရာတော် သမားတော်ဆိုရင်ဖြင့် ကြိုးစားပြီးနာကြပါ (မှန်ပါ့ဘုရား)၊ ကြိုးစားပြီးနာကြပါ။

ကဲ-ဒါဖြင့် ဒကာစိန်ရေ ဓမ္မကထိကအကြောင်း ကောင်းကောင်းသိပြီလား. . . (သိရပါပြီဘုရား)၊ (၁) ငြီးငွေ့အောင် ဟောနိုင်မှတဲ့နော်။ (၂) စွန့်လွှတ်ချင်အောင် ဟောနိုင်မှတဲ့ (မှန်ပါဘုရား)၊ (၃) ဝေဒနာတို့၏ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကိုလည်း အရောက် လိုချင်တဲ့ဆန္ဒနဲ့ စိတ်နှစ်သက်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်မှ ဓမ္မကထိကတဲ့ (မှန်လှပါဘုရား၊ တပည့်တော် အသက် (၇၀) ရှိပါပြီ၊ ဒီဘုန်းကြီးတစ်ပါးပဲ ဤကဲ့သို့ အဖြစ်အပျက်နဲ့တကွ ဟောတာတွေ့ရပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ၁-နံပါတ်အကြောင်းက တော့ဖြင့် တရားဟောဘုန်းကြီးရွေးတာပဲရှိသေးတယ်၊ ၂-နံပါတ် အကြောင်းကဖြင့် ဒကာ ဒကာမတွေ အလှည့်ရောက်လာတယ်၊ အရေးကြီးတယ် မှတ်စမ်းပါ၊ ၂-နံပါတ်အကြောင်းကလည်း အရေးကြီးလို့ပြောရပါတယ်·(မှန်လှပါဘုရား)။

## (၂) ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဆိုတာ

ဒီနှစ်နံပါတ်အကြောင်းက ဘာတုံးလို့မေးတဲ့အခါကျ တော့ကိုတဲ့ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ ဘုရားလို့ အခုနရဟန်းက ဒုတိယ ၂-နံပါတ်နဲ့မေးပြန်တယ် (တင်ပ့ါ)။

ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်၊ တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ် ဆိုတာဘယ်လိုပုဂ္ဂိုလ်လဲဘုရားလို့မေးတဲ့အခါကျတော့ ဘုရားက ဖြေရှာပါတယ်။

"ဝေဒနာယ စေဘိက္ခု နိဗ္ဗိဒါယ၊ ဝိရာဂါယ နိရောဓါယ၊ ပဋိပ္ပန္နောဟောတိ ဓမ္မာနုဓမ္မပဋိပ္ပန္နော ဘိက္ခူတိ အလံဝစနာယ၊"

ဒါ ခင်ဗျားတို့ အလှည့်ရောက်လာတယ်၊ ဝေဒနာကို ငြီးငွေ့ခြင်းငှာ၊ ငြီးငွေ့အောင်ပေါ့ဗျာ ကျင့်ရမယ် (မှန်ပ့ါ) ဝေဒနာကို စွန့်လွှတ်ချင်အောင် ခင်ဗျားတို့ကျင့်ရမယ်။

## တရားအတိုင်းကျင့်မှရမယ်

ဝေဒနာချုပ်သွားလို့ရှိရင်ဖြင့် အင်း. . . အနာအကုန်ပျောက်သောကြောင့် ချမ်းသာတဲ့နိဗ္ဗာန်ဆိုတာဟုတ်တယ်၊ ဝေဒနာချုပ်ရာသာကြိုက်တော့တယ်လို့ ခင်ဗျားတို့ ဒီအတိုင်းပေါ်တဲ့ ဉာဏ်နဲ့ကျင့်မယ်ဆိုလို့ရှိရင်ဖြင့် အဲဒါ ဓမ္မနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်ပါသည် (မှန်လှပါဘုရား)၊ ဟုတ်ပလား (ဟုတ်ပါပြီဘုရား)။

အဲဒီတော့ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဆိုတာကတော့ ဒကာဒကာမတွေအားထုတ်မှလာတယ်၊ ဒီအတိုင်း ပုဂ္ဂိုလ်တွေမဖြစ်နိုင်ဘူး၊ ပုတီးစိပ်လို့မရဘူး (တင်ပါ့ဘုရား) ယောကျ်ားလေးလိုချင်လို့ ယောကျ်ားလေးဆုတောင်းပြီး ဥပုသ်တွေ စောင့်လို့ရတာမျိုးမဟုတ်ဘူး၊ မိန်းကလေးဆုတောင်းလို့ မိန်းကလေးအဖြစ်ရအောင်လို့ မိမိတို့ဝမ်းထဲရောက်အောင် ဆုတောင်းပြီး မွေးလို့ ဒီအရမျိုး မဟုတ်ဘူး (မှန်လှပါဘုရား)။

## ဝေဒနာဆိုတာနာမ်ဓမ္မလို့သိ

သေသေချာချာကို ဒကာ ဒကာမတို့ ဝေဒနာ ခင်ဗျားတို့ဖြစ်တာလေးရှေးဦးစွာ ဝေဒနာဆိုတာ နာမ်ဓမ္မပါလားလို့ ရှေးဦးစွာ သိရှိရင် နာမရူပ ပရိစ္ဆေဒဉာဏ်၊ နာမပရိစ္ဆေဒဉာဏ်ကို အသိရှိ ဒီကစရလိမ့်မယ် ဒကာ ဒကာမတို့ (မှန်ပါ့)။

ဝေဒနာဘယ်နှစ်မျိုးရှိသတုံး၊ (သုံးမျိုးရှိပါတယ်ဘုရား) အဲဒီတော့ ဝေဒနာသုံးပါးရှိနေတာ ဒကာ ဒကာမတွေက အင်း၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပက္ခာဝေဒနာ၊ ဝေဒနာသုံးမျိုးသာ ရှိတယ်ဆိုတာ သိတော့ ယောက်ျားတွေ၊ မိန်းမတွေရှိသေးရဲ့လား (မရှိပါဘူး)။

အဲဒီတော့ ဝေဒနာဘယ်နှစ်မျိုးရှိ (သုံးမျိုးရှိပါတယ် ဘုရား) အခေါ် အဝေါ် ကော အထင်သာရှိ (မှန်ပါ) တကယ်ရှိ တာက ဝေဒနာသုံးမျိုးသာရှိတယ်၊ အဲဒါကြောင့် အဲ. . . ဒီကစပြီး သကာလ ကျင့်ရမယ်၊ (တင်ပ့ါ) နာမပရိစ္ဆေဒဉာဏ်ဆိုတဲ့အတိုင်း ဝေဒနာဟာ နာမ်ပဲဗျ။

အဲဒီတော့ ဝေဒနာဟာ နာမ်ဖြစ်ပြီး သကာလနေသော ကြောင့် ဝေဒနာဟာ နာမ်မှန်းသိကြပလား (သိပါပြီဘုရား)။

## ဒိဋ္ဌိတွေမလာတော့ဘူး

ကောင်းပြီး ဒါဖြင့် စောစောသိနိုင်တဲ့ အသိစိတ်ရှိသေး တယ်၊ ဝေဒနာသည်ကားဆိုလို့ရှိရင် ဝေဒနာမှန်းသိ၊ ဝေဒနာမှန်း သိတဲ့အတွက် ငါဟာ ကောင်းစားနေတယ်ဆိုတဲ့ ဒိဋ္ဌိတွေမလာ တော့ပါဘူး၊ ငါဖျားနေတယ်ဆိုတဲ့ဒိဋ္ဌိတွေကော မလာတော့ပါ ဘူး (မလာတော့ပါဘုရား) ဒုက္ခဝေဒနာဆိုတာသာရှိတော့တယ်။

ဒါတော့ ငါလစ်လျူရှုနေလိုက်တယ်ဆိုတဲ့ ဥပေက္ခာဝေဒနာကို ငါစွဲ၊ စွဲတာကော ရှိသေးရဲ့လား. . . မရှိတော့ပါဘူး၊ ဝေဒနာ ဝေဒနာမှန်းသိပြီ၊ ဝေဒနာဟာ နာမ်လို့သိပြီ (သိပါပြီဘုရား)။

## ဒီကာစကျင့်ရမှာ

အဲဒီလို သိတဲ့ ဒကာ ဒကာမတွေကျတော့ အင်း. . . ဒိဋ္ဌိဝိသုဒ္ဓိ ဒိဋ္ဌိက - ဒိဋ္ဌိ၊ ဝိသုဒ္ဓိက စင်ကြယ်သောကြောင့်၊ ဒိဋ္ဌိပြုတ်ပြီတဲ့ ဒကာ ဒကာမတွေတဲ့ (တင်ပါ့ဘုရား) အဲဒီက စကျင့်ရမှာ (မှန်ပါ့) သို့သော် ဒကာ ဒကာမတွေက ရှိပြီးသားပါ (မှန်ပါ့)။

ဒီစာနဲ့ တိုက်ဆိုင်လာလို့သာ ဒီကစပြောနေရတာပါ၊ တကယ်ကျင့်လာတဲ့ ဒကာ ဒကာမတွေကျတော့၊ ဝေဒနာဟာ အလိုလိုပေါ်သလား၊ ထိခိုက်မှုကြောင့် ပေါ်သလား. . . (ထိခိုက်မှုကြောင့် ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သန္တာန်မှာဖြစ်တဲ့ သုခဝေဒနာဟာလည်း ဖဿကြောင့်ပေါ်လာတာ၊ ဒုက္ခဝေဒနာကြည့်လိုက်လဲ၊ ဖဿကြောင့်ပေါ်၏၊ ဥပေက္ခာကြည့်လိုက်လဲ ဖဿကြောင့်ပေါ်၏။

## ဝေဒနာဟာ ဖဿကြောင့်ပေါ်တာ

ဝေဒနာဟာမိုးပေါ်ကျအလိုလိုပေါ်ပေါက်လား၊ (မဟုတ်ပါဘူးဘုရား) ဖဿကြောင့်ဖြစ်တာမဟုတ်ဘူးလား၊ အဲဒီတော့ ဖဿ ပစ္စယာဝေဒနာ ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ကြီးကိုလည်း၊ ဖဿကအကြောင်း ဝေဒနာက အကျိုးပါလားလို့ အကြောင်းအကျိုးဆိုတာမသိသေးဘူးလား. . . (သိပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေမှာ ဝေဒနာတွေရှုပြီးသကာလနေတာ သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အကြောင်းအကျိုးတွေရ၍နေတာပဲဆိုတော့ အကျိုးဝေဒနာက္ခန္ဓာကြီး ရှုနေတာပဲဆိုရင်ကော လွဲပါ့မလား (မလွဲပါဘုရား)။

ဖဿကအကျိုးပေးလိုက်တော့ အကျိုးဝေဒနာက္ခန္ဓာကြီးက တော်ကြာသုခပေါ်၊ တော်ကြာဒုက္ခပေါ်၊ တော်ကြာဥပေက္ခာပေါ်၊ အကျိုးဝေဒနာက္ခန္ဓာကြီးကပေါ်မနေဘူးလား၊ (ပေါ်နေပါတယ်ဘုရား)။

## စင်ကြယ်တဲ့ဝိသုဒ္ဓိဖြစ်တယ်

အင်း. . . အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတွေပဲရှိတယ်ဆိုတော့ သင်္ခါရုပက္ခာယဝိသုဒ္ဓိဆိုတော့ ဝိစိကိစ္ဆာစင်ကြယ်

တဲ့ ဝိသုဒ္ဓိသွားဖြစ်တယ်၊ (မှန်ပါ့) ဒါက သူ့မူ (တင်ပါ့) ရှင်းလိုက်ကြပါတော့၊ ဒကာ ဒကာမတို့။

## ဖြစ်ပျက်ကာစပြီးရှင်းရမယ်

ရှင်းလိုက်ကြပါတော့ ဆိုလို့ရှိရင်ဖြင့်တဲ့ ဘယ်ကနေ ရှင်းရမှာတုံးဆိုလို့ရှိရင်-သုခဝေဒနာလေးပေါ်လာတယ် ဒကာ ဒကာမတို့ ဥဒယဗ္ဗယဆိုတဲ့ ဖြစ်မှုက နှိပ်စက်လိုက်၊ ပျက်မှုကနှိပ်စက်လိုက်၊ ဟုတ်လား. . . (မှန်ပါ့)။

အဲဒီဖြစ်မှုပျက်မှုက နှိပ်စက်လိုက်တဲ့အခါကျတော့၊ ဝေဒနာက လေးဟာ ဝေဒနာအဖြစ်နဲ့တည်နိုင်တန့်နိုင်သေးရဲ့လား (မတည်နိုင် မတန့်နိုင်တော့ပါဘုရား) မတည်နိုင်မတန့်နိုင်ဘူးဆိုတာကြီးဟာ၊ ဖြစ်ပျက်နှိပ်စက်သွားလို့ မထူနိုင် မထနိုင်ဘူးလို့၊ ဉာဏ်ကလေးက နောက်ကနေ ရှုပေးရမယ် (မှန်ပါ့)။

ဝေဒနာလေးဖြစ်ပျက်သွားတာ ဥဒယဗ္ဗယဒါန်ချက်နဲ့ ဟုတ်ပလား၊ အသက်ထွက်သွားတယ်ဆိုတာ ဘုန်းကြီး ခဏခဏ မပြောဘူးလား (ပြောပါတယ်ဘုရား)၊ အဲဒီကစပြီး ရှင်းရမယ်။

အဲဒီကဲ့သို့ဖြစ်ပျက်တွေမြင်ပါများလာပြီဆိုမှဖြင့် ဒကာ ဒကာမတို့ မရွံပါနဲ့၊ မမုန်းပါနဲ့ဆိုလို့ရှိရင် ဖြစ်ပျက်ချည်းမြင်နေရတဲ့ ဥစ္စာကြီး ဒကာစိန်ရေ အိမ်ဆောက်လိုက်၊ မီးလောင်လိုက်ဆိုတော့ ဒကာစိန်ကိုယ်တိုင်လည်း ဒီအိမ်ဆောက်ရင် ဒီမီးလောင်

မယ်ဆိုတာသိတော့ ဒါလည်း မဆောက်ချင်ပါဘူး၊ ဒကာစိန်ရာ ကြည့်ကော ကြည့်ချင်သေးရဲ့လား (မကြည့်ချင်ပါဘူးဘုရား)။

## ငြီးငွေ့လာအောင်ကျင့်ရမယ်

မင်းတို့ ဆောက် မီးလောင်မှာပါ၊ ငါလည်း ဂရုမစိုက်ချင်ပါဘူးကွာဆိုတော့ ငြီးငွေ့မလာဘူးလား၊ (ငြီးငွေ့လာမှာပါဘုရား) အဲဒီကဲ့သို့ ဒကာ ဒကာမတို့ ဖြစ်ပျက်ကိုမြင်ပြီ ဆိုမှဖြင့် ငြီးငွေ့လာအောင် ခင်ဗျားတို့ကျင့်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒါမှ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဖြစ်တယ် (တင်ပါ့ဘုရား) ဒါဖြင့် ငြီးငွေ့အောင်ကျင့်ကြပါဆိုတဲ့စကားသည်၊ ဘုရားဟောတော်မူတာသည်၊ သံယုတ်ပါဠိတော်မှာ ဓမ္မကထိက ဝဂ် သံယုတ်ပါဠိတော်မှာ ဤအတိုင်းလာတယ်။

အဲဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာသုံးခုက၊ တစ်ခုတည်းနေတယ် (မှန်ပါ့) ကိုင်း ရှေ့ပိုင်းက ဘာကိုရှုရမှာလဲမေးတော့ ဖြစ်ပျက်မြင်ရုံနဲ့မပြီးဘူး၊ ဝေဒနာကို ငြီးငွေ့သည့်တိုင်အောင် ရှုဖို့အရေးက လိုသေးတယ်၊ (တင်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ၁-နံပါတ် ဖြစ်ပျက်မြင်အောင်ရှု (မှန်လှပါဘုရား) ဖြစ်ပျက်မြင်အောင်ရှုပါများလာတော့၊ ဒကာစိန်တို့လို ပုဂ္ဂိုလ်၊ ဒကာ ဦးလှဘူးတို့လို ပုဂ္ဂိုလ်တွေကျတော့၊ မငြီးငွေ့ပါနဲ့ဆိုလို့ တားလို့ပြုလို့ရသေးရဲ့လား (မရပါဘုရား)။

## ကျင့်ကြံတဲ့တရားကလိုတယ်နော်

အေး ငြိးငွေ့လာမှာပဲ (မှန်ပါ) ငြီးငွေ့သည့်တိုင်အောင် ကျင့်နိုင်တဲ့ ပုဂ္ဂိုလ်မှ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်တယ်၊ ဆိုတော့ ကျင့်စဉ်လည်းပြောခဲ့တယ်နော်၊ ကျင့်စဉ်တရားကလိုပြန်တယ်၊ (မှန်လှပါဘုရား)။

အေးဘုန်းကြီးများ ဒကာ ဒကာမတို့ ဖြစ်ပျက်မြင်ရုံနဲ့ မရပ်လိုက်ပါနဲ့၊ ဘယ်ကျအောင်ခင်ဗျားတို့ ရှုရမှာလဲ၊ (ငြီးငွေ့ လာသည့်တိုင်ပါဘုရား) အေး. . . ။

ဝေဒနာချုပ်သည့်တိုင်အောင် ဒကာစိန်ရေ ငြီးငွေ့ရွံမုန်း လာသည့်တိုင်အောင်ပေါ့ဗျာ (တင်ပါ့) အဲဒီကျအောင်ရှုပေး လိုက်စမ်းပါ (မှန်ပါ့)။

## တရားနဲ့လျော်အောင်ကျင့်တဲ့ပုဂ္ဂိုလ်

အဲဒါမှ တရားအားလျော်စွာကျင့်တဲ့ ပုဂ္ဂိုလ်၊ လောကုတ္တ ရာတရားနဲ့ လျော်အောင်ကျင့်တဲ့ ပုဂ္ဂိုလ်ထဲပါဝင်သွားပြီ (မှန်လှပါ) ဓမ္မာနုဓမ္မ ပဋိပန္န ပုဂ္ဂိုလ်ဖြစ်သွားပြီ။

ဒီလိုပုဂ္ဂိုလ်တွေပဲလားလို့ မေးတဲ့အခါကျတော့ အဲဒါ တွေပဲကွတဲ့ နိဗ္ဗိဒါယ - ငြီးငွေ့ခြင်းမှာသာဖြစ်သေးရဲ့ ဝေဒနာယ၊ ဝေဒနာ ကုန်လို့ - ငြီးငွေ့ခြင်းငှာ၊ ဝိရာဂါယကျအောင် ဆက်လက် ပြီးကျင့်။

ဌင်း ဝေဒနာသည်၊ ဖြစ်ပျက်ပြီးရင်၊ ငြီးငွေ့ပြီးရုံနဲ့ မရပ်ပါနဲ့အုံး၊ တစ်ခါတည်း ဒီဝေဒနာကြီးကို စွန့်ချင်တဲ့မဂ်ဉာဏ် ပေါ်လာအောင် ရှုပေးတဲ့၊ ဒကာ ဒကာမတို့ ဘယ်အချေအနေ ရှုရမှာတုံး၊ (မဂ်ဉာဏ်ပေါ်လာအောင် ရှုရမှာပါ ဘုရား)။

စွန့်ချင်တဲ့မဂ်ဉာဏ်ပေါ်လာအောင် မင်းတို့သည် ရှုပေးလို့ရှိရင်တဲ့ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဖြစ်ပါပြီကွတဲ့ (မှန်ပါ့) အင်မတန် အဖိုးတန်သွားပြီနော်။

## ဆုတောင်းနဲ့မရအလုပ်လုပ်မှပေါ်တာ

အဲဒီတော့ ခင်ဗျားတို့ ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ ပဋိပန္န ပုဂ္ဂိုလ် ဆိုတာသည်၊ ဒကာစိန်ရေ အလုပ်နဲ့ပေါ်တာနော်၊ ဆုတောင်းနဲ့ ပေါ်တာမဟုတ်ဘူး၊ ဒကာစိန်သဘောကျပလား (ကျပါပြီ ဘုရား)။

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာနဲ့၊ မဆိုင်သေးဘူး၊ (မဆိုင်သေးပါဘုရား) မဆိုင်သေးဘူး၊ မဆိုင်သေးဘူး၊ ဒါအလုပ်နဲ့ ပေါ်ရမယ်၊ (မှန်ပါ့)။

ကိုင်း ယခု ဒုတိယရလိုက်တာက ဘာပြောသလဲလို့ မေးလို့ရှိရင်ဖြင့် ကြပ်ကြပ်ရှုပေးပါ၊ ဒီဝေဒနာကြီးကို စွန့်ချင်တဲ့ ဉာဏ်ပေါ်သည့်တိုင်အောင် ရှုပေးလိုက်ပါလို့ ဘုန်းကြီးက မပြော ဘူးလား (ပြောပါတယ်ဘုရား)။

## ဘုရားဟောလို့ပြောရဲတာ

အဲဒါ ဘုရားဟောလို့ပြောရဲတာ (မှန်ပါ့) ဝိရာဂါယ-ကို ဝိရာဂါယ- ဝေဒနာပေါ်၌ စွန့်ချင်တဲ့ ဉာဏ်ပေါ်သည့် တိုင်အောင် ပေါ့ဗျာ၊ အဲဒီကဲ့သို့ စွန့်ချင်တဲ့ ဉာဏ်ပေါ်သည့်တိုင်အောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှုပေးတော့၊ လောကုတ္တရာ တရားလျှော်သော လောကုတ္တရာတရားကို လျှော်အောင် စွန့်နေတဲ့ ဓမ္မာနု ဓမ္မပဋိပန္န ပုဂ္ဂိုလ် သေသေချာချာဖြစ်ပြီဟော့လို့ ဘုရားက တာဝန်ခံတယ်၊ မှန်ပါ့ဘုရား။

"ဓမ္မာနု ဓမ္မပဋိပန္နော ဘိက္ခုတိ အလံဝစနာယ" - ဘိက္ခု - ရဟန်း ဓမ္မာနု ဓမ္မပဋိပန္နော ဣတိတရားအတိုင်း၊ လောကုတ္တရာ တရားအားလျှော်သော၊ လျှော်သောအကျင့်ကို ကျင့်သော ပုဂ္ဂိုလ်ဟူ၍ ဝစနာယ - ဆိုခြင်းငှာ အလံ-ထိုက်သွားပြီဟော့ သူနိဗ္ဗာန်လျှော်အောင် ကျင့်ပြီဟတဲ့ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်နဲ့လျှော်တဲ့ အကျင့်ကျင်ပြီတဲ့ (မှန်ပါ့) ဒါတင်ပဲလား ဆိုတော့ ဆက်ပါဦးကွာတဲ့ ဒါကတော့ ကျင့်ဖို့မဟုတ်ပါဘူး၊ ဒကာ ဒကာမတို့၊ ဘယ်လိုဖြစ်ပေါ်လာသတုံး ဆိုတော့ ဝိရာဂါယ- ဆိုတော့မဂ်ရနေပြီ၊ (မှန်ပါ့ဘုရား)။

မဂ်ရနေတဲ့ ပုဂ္ဂိုလ်သည်ကားလို့ဆိုလို့ ရှိရင်ဖြင့် တဲ့ဘုရား က နိရောဓာရ ဒီမဂ်ကလေး သောတာပတ္တိမဂ်ရရုံနဲ့ ရပ်မနေနဲ့ဦး။

ဒါ-မဂ်ကလေးရရုံနဲ့ ဖိုလ်ကလေးဆိုက်ရုံနဲ့ ရပ်မနေနဲ့ အုံး၊ တစ်ခါတည်းဝေဒနာနဲ့ အဆက်ပြတ်သည့် တိုင်အောင်၊ ဝေဒနာကြောင်းကို ချုပ်မှနေရာကျမှာ တိုင်အောင် ကျင့်လိုက် စမ်းကွာ။

## အနာဂါမ်နဲ့တင်းတိမ်မနေနဲ့

ဒီလိုနဲ့ ဝေဒနာက္ခန္ဓာကြီးကိုပင်လျှင် အကုန်နိဗ္ဗာန် ရောက်အောင် ကျင့်လိုက်ကွာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နဲ့ တင်းတိမ်မနေနဲ့အုံးကွာ၊ ဟုတ်လား၊ ဝေဒနာကို ချုပ်ပျောက်သွားသည့်တိုင်အောင် နေရာကျအောင် ပေါ့၊ မင်းတို့သည်ကားလို့ဆိုရင် ကြိုးစားလိုက်ပါဦး ဆိုတာက တော့ ဒကာ ဒကာမတွေ ဒီဥစ္စာက၊ ဘုရားသခင်ကိုယ်တော်မြတ် က နိဗ္ဗာန်ရောက်ပြီလို့ ပြောတာပါ။

ပြောတာပါ ဒီဥစ္စာကတော့ အထူးကျင့်စရာမလိုတော့ ပါဘူး မလို့တော့ပါဘူးတဲ့ သို့သော် သောတာပန်သက ဒါဂါမ်၊ အနာဂါမ်ကတော့ ရမယ်။

အဲဒီတော့ ဝေဒနာတွေနဲ့၊ သောတာပန် သကဒါဂါမ်၊ အနာဂါမ်ဆိုတော့၊ ဝေဒနာတွေက ရှိနေဦးမှာပေါ့၊ ဝေဒနာ တွေရှိရင် ဝေဒနာတွေက ဒကာ ဒကာမတွေ နှိပ်စက်နေဦးမှာ ပဲ၊ ဟုတ်ဖူးလား။

## ရဟန္တာကြီးတွေလည်းမညာဘူး

အေးဒါကြောင့် သောတာပန်တို့လည်း ဓမ္မဖြစ်ပျက်တွေက ညာမှာ မဟုတ်ဘူး၊ သကဒါဂါမ်တို့ကော (ညာမှာမဟုတ်ပါဘုရား) ဘယ်ညာမလဲဗျာ၊ ရှင်မောဂ္ဂလန်ကြီး ခိုးသားတွေ ရိုက်လိုက်တာ ညာသေးသလား (မညာပါဘုရား) ရဟန္တာ ပုဂ္ဂိုလ်ကြီးပဲဗျာ။

ရှင်သာရိ ပုတ္တရာကြီးတော့၊ သွေးဝေဒနာကြီးနဲ့ဗျာ၊ အဲဒီတုန်းကအစ ညာသေးသလား (မညာပါဘုရား) အဲဒီတော့ ဒီခန္ဓာကြီးမရှိမှာပဲ ဝေဒနာလုံးဝ ချုပ်မှာပဲ၊ ဝေဒနာက္ခန္ဓာကြီးလုံးဝ ချုပ်သည်တိုင်အောင်ပဲကျင့်လိုက်ကြတာပေါ့ဗျာ။ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ကျင့်တဲ့ပုဂ္ဂိုလ်ကျတော့မှ ဘုရားကပါဠိနဲ့ ဟောလိုက်တဲ့အခါကျတော့

ဝေဒနာယ စ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ပဋိပန္နောဟောတိ ဓမ္မာနုဓမ္မပဋိပန္နော ဘိက္ခုတိ အလံဝစာနာယ - ဒီလိုဟောလိုက်တယ်။

ဝေဒနာယ ဝေဒနာကို နိဗ္ဗိန္ဒာယ-ငြီးငွေ့အောင်ရှုနော်၊ ဝေဒနာပေါ်တဲ့ဆီ ဘယ်တော့မှ တဏှာမလာအောင် ကျင့်လိုက်၊ အဲဒီဆီ လူချမ်းသာ နတ်ချမ်းသာကလာဦးမှာကိုး။

လူချမ်းသာနတ်ချမ်းသာ သွားဆုတောင်းတော့ လူ့ဒုက္ခ၊ နတ်ဒုက္ခဆိုတဲ့ ဝေဒနာက္ခန္ဓာကြီးက မရဘူးလား၊ အေး ဝေဒနာက္ခန္ဓာ ဒုက္ခသစ္စာကြီးကိုရမှာစိုးတယ် ဘုရားက၊ မှန်ပဲ့။

## ဝေဒနာလုံးလုံးချုပ်မှနေရာကျမှာ

ဒါကြောင့်ဝေဒနာယ - ဝေဒနာကို ဝိရာဂါယ-နည်းနည်းမှ မလိုချင်တပ်ခြင်းကင်းခြင်းငှာ၊ ဒီလိုလည်းကျင့်ပေးကြပါတဲ့၊ မဂ်ပေါ်နေအောင် ကျင့်ပေါ့ဗျာ၊ (မှန်ပါ့) နိရောဓါယတဲ့ဝေဒနာလုံးလုံးချုပ်မှသာလျှင် နေရာကျမှာပဲ ကျအောင်တော့ကျင့်လိုက်စမ်းပါ။

အဲဒီလိုကျင့်လို့ မဂ်စစ်ပေါ်မှ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဖြစ်နိုင်တယ်၊ ဒီလိုပုဂ္ဂိုလ်ကိုလည်း ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်လို့ ငါကဆိုနိုင်ပါတယ်ကွတဲ့၊ ရှင်းပလား - (ရှင်းပါပြီ)။

အေး - ဓမ္မနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဖြစ်စေလိုတော့ ဒကာဒကာမတို့ လုပ်ရမယ့် အလုပ်စဉ်၊ (မှန်လှပါဘုရား)၊ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဖြစ်အောင် ခင်ဗျားတို့ ဘယ်လိုလုပ်မလဲလို့ဆိုလို့ရှိရင် ဝေဒနာကို ငြီးငွေ့သည့်တိုင်အောင်ရှုပါ၊ (မှန်ပါ) ဝေဒနာကို စွန့်ချင်သည့်တိုင်အောင်ရှု၊ ဝေဒနာကို ဆုံးအောင်မြင်သည့်တိုင် အောင်ရှု၊ ဝေဒနာ အကုန်ချုပ်ရင် ကောင်းလေစွဆိုတာ ပေါ်သည့်တိုင် အောင်ရှုပေး။

## သေက္ခပုဂ္ဂိုလ်

အဲဒီကဲ့သို့ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်လို့ဘုရားကဆိုလိုက်ပြီ၊ (မှန်ပါ့) ဆိုတာပေါ့ဗျာ သေက္ခပုဂ္ဂိုလ်

တစ်ခါတည်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကျအောင်ပဲ၊ ရောက်သွားပြီလို့ပြောတာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် အဋ္ဌကထာဆရာက ၂-နံပါတ်ဆိုတာတဲ့ သေက္ခပုဂ္ဂိုလ်အတွက်တဲ့ သေက္ခဆိုတာ သောတာပန် သကဒါဂါမ် အနာဂါမ်ကိုဆိုတာ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ အဲဒီကျအောင် ကျင့်ရင် ဖြင့် ခင်ဗျားတို့ သောတာပန် သကဒါဂါမ် အနာဂါမ်ကျအောင် သေသေချာချာဖြစ်မယ် (မှန်ပါ့)။

ငြီးငွေ့ပြီးလာအောင်ရှု စွန့်တဲ့စိတ်လာအောင် ရှုပေး၊ ရှုရှုပေး၊ ဟုတ်လား အဲဒီကဲ့သို့ ဒီနှစ်ချက်အောင်လို့ရှိရင် သေက္ခပုဂ္ဂိုလ်အတွက်။

အဲတော့ ကျုပ်တို့သည် ခမ္မာနု ခမ္မပဋိပန္န ပုဂ္ဂိုလ်ဆိုတဲ့ အထဲသို့ ခင်ဗျားတို့ ကျုပ်တို့သည် ရောက်ပါပြီ၊ အဲဒါ သေက္ခပုဂ္ဂိုလ် (မှန်ပါ့ဘုရား)၊ ခမ္မာနုခမ္မ ပဋိပန္နပုဂ္ဂိုလ် (မှန်ပါ)။

## ခမ္မာနုခမ္မပဋိပန္နပုဂ္ဂိုလ်ဆိုတာ

ဘုရားဟော ခမ္မာနု ခမ္မပဋိပန္နပုဂ္ဂိုလ်ဆိုတာ မသိဘဲနေမှာစိုးလို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်သွားပြီပြောတာကွတဲ့ အဋ္ဌကထာဆရာကနော်။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဘုန်းကြီးအရှုခိုင်းနေတဲ့ နေတိုင်း ဝေဒနာကို ငြီးငွေ့ပြီးလာအောင် ရှုစမ်းပါ။ စွန့်လွှတ်ချင်လာအောင်နော်၊ စွန့်လွှတ်ချင်လာအောင်ရှုလိုက်၊ ရှုလိုက်ကြလို့ ရှိရင်ဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပဲ အဋ္ဌကထာဆရာကလည်း ရပြီဟော့တဲ့၊ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ကို ဖြစ်နေပဟာ (မှန်ပါ့)။

ဒကာစိန်ရေ သိပ်ပြီးအားရှိစရာကောင်းသနော်၊ ရှုကြစမ်းပါ၊ ရှုကြစမ်းပါဆိုတာ ဘုန်းကြီးတိုက်တွန်းတာကနည်းနည်း၊ ခင်ဗျားတို့ ရှုလိုက်လို့ အမြတ်ထွက်မှာက များများပါ (မှန်ပါ့ဘုရား)၊ ဟုတ်လား။

ဒါ ရှုရမှာက နည်းနည်းပါ၊ အမြတ်ထွက်မှာက သိပ်များတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားဟာ သိပ်အဖိုးတန်လို့ ယနေ့ပြောနေရတယ်။ တတိယမေးခွန်းက ရဟန်းက မေးပြန်တယ်။

## (၃) ယခုဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်

အရှင်ဘုရား ယခုဘဝ နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ဆိုတာ တပည့်တော်သိချင်တယ် (မှန်ပါ့)၊ အမယ် မေးချက်ကတော့ ကောင်းလိုက်တာ၊ မေးချက်ကတော့ သိပ်ကောင်းတယ် ဒကာ ဒကာမတို့ (မှန်ပါ့ဘုရား)။

ယခုဘဝ နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ဆိုတာ တပည့်တော်သိချင်တယ်။ ဟိုး. . . အလွယ်ကလေး ရဟာန်းကတဲ့၊ ယခုဘဝနိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ဟာ သူ့အလုပ်စဉ် ကြည့်လိုက်ရင် သိသာပါတယ်ကွတဲ့။

လာပြန်ပြီဟေ့ ဒကာစိန်က

ဝေဒနာယ စေ ဘိက္ခုနိဗ္ဗိဒါ ဝိရာဂါ နိရောဓါ အနုပ္ပာဒါ ဝိမုတ္တော ဟောတိ ဒိဋ္ဌဓမ္မနိဗ္ဗာန ပ္ပတ္တောဘိက္ခုတိ အလံ ဝစာနာယ

ဒိဋ္ဌဓမ္မ နိဗ္ဗာနာယ အလံဝစာနာယ - ချက်ချင်း ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်လို့ဆိုတယ်ဆိုတဲ့ အဓိပ္ပါယ်ရတယ် (မှန်ပ့ါ)၊ ဒါ ဘာကြောင့်တုံးဆိုတော့၊ ဝေဒနာယ ဝေဒနာကို၊ နိဗ္ဗိဒါ - ငြီးငွေ့ခြင်းကြောင့်၊ ဝိရာဂါ - တပ်ခြင်းကင်းခြင်းကြောင့် (ဝါ) နည်းနည်းမှ ဝေဒနာကြီးအပေါ် မလိုချင်ခြင်းကြောင့်၊ ဝေဒနာ ပစ္စယာတဏှာ သေသွားတာ လိုချင်သေးရဲ့လား (မလိုချင်ပါဘူးဘုရား)၊ နိရောဓါ - ဝေဒနာ၏ချုပ်ခြင်းကြောင့်၊ အနုပါဒါ အနုပါဒါယ - ဘယ်ဟာမှမဆက်၊ ဘယ်ဟာမှ မစွဲလမ်းမူ၍၊ ဝိမုတ္တော - လွတ်သောပုဂ္ဂိုလ်ကို ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တောတိ - ယခုဘဝ နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ဟူ၍ ဘိက္ခု - ရဟာန်း၊ ဝစာနာယ ဆိုခြင်းငှာ အလံ - သေသေချာချာထိုက်သွားတယ်ကွာ။

တစ်ခါတည်း ခင်ဗျားတို့ ဝေဒနာရှုနေတဲ့ပုဂ္ဂိုလ်သည်တဲ့ ဝေဒနာနိရောဓေါတိ ဝေဒနာကလည်း လိုချင်မှုမရှိပါဘူး။ ဝေဒနာ

က လိုချင်မှုမရှိတော့ဘူး၊ ဝေဒနာကို ဘယ်ဝေဒနာကြိုက်သေး သတုံး၊ ခန္ဓာငါးပါးနဲ့ မစွဲလမ်းတော့ဘူးတဲ့။

## ဒိဋ္ဌဓမ္မနိဗ္ဗာနပုဂ္ဂိုလ်

တစ်ခါတည်း ဝေဒနာကို ခင်တွယ်တဲ့သမားတွေ အကုန် လိုက်မသွားသေးဘူးလား (လိုက်သွားပါတယ်ဘုရား)၊ အဲဒီလို လိုက်သွားတယ်ဆိုရင်ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာနပုဂ္ဂိုလ်၊ ဒိဋ္ဌဓမ္မက - ယခု ဘဝ၊ နိဗ္ဗာနက ငြိမ်းအေးတယ်၊ ယခုဘဝတွင် နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်လို့ ဆိုမယ်ဆိုကွာတဲ့။

ကိုင်း ဒကာ ဒကာမတို့ အင်မတန်အားရှိစရာကောင်းပါ လား (ကောင်းပါတယ်ဘုရား)၊ အင်မတန် အားရှိစရာကောင်းပါ တယ်။

အင်မတန်အားရှိစရာကောင်းပါတယ်၊ အဲဒါကြောင့် ဒကာ ဒကာမတွေက ထင်မှာပေါ့၊ ဩော်-ဒို့သည်ကားလို့ဆိုလို့ ရှိရင် ဆရာဘုန်းကြီးကလည်း ဝေဒနာတွေချည်း ရှုခိုင်းတယ်၊ ငြိမ်းငွေ့ပြီလားလို့ဆိုရင် ငြိမ်းငွေ့လာရင် အားကျလိုက်ပါ၊ ငါ ဒီဘဝကို နိဗ္ဗာန်ရမှာပဟ (မှန်ပါ)။

## ဒီဘဝနိဗ္ဗာန်ရမယ်

ဝေဒနာကြီးကိုပဲ ရကိုမရချင်တော့ပါဘူးဆိုလို့ရှိရင်

အင်း- ဒါကတော့ ဖြစ်မှာ ဘုရားဟောတော်မူတဲ့အတိုင်း ဝေဒနာလုံးဝမရချင်လို့ရှိရင်လည်း ဒီဘဝ နိဗ္ဗာန်ရနိုင်တယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိတို့နဲ့ ဘယ်တော့မှ သူတို့အပေါ် စွဲလမ်းခြင်းမရှိတော့ဘူးဆိုတော့လည်း ခင်ဗျားတို့သန္တာန်ပေါ် လာလို့ရှိရင် ယခုဘဝ နိဗ္ဗာန်ရပြီလို့ ငါဘုရားက သူတို့အတွက်ဆိုလိုက်ပါတယ်ကွာတဲ့၊ ဆိုတော့ ဒကာ ဒကာမတို့ ယနေ့တရားက အလုပ်လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် စိတ်နှလုံးချလုံး အတော်ကောင်းပါတယ်။

## တို့သည်ဘယ်အချိုးအစားထဲကပါလိမ့်

အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာတော့သူ့မှာ ဒါလောက် ကျေးဇူးမများဘူး၊ အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေအတွက်မှာဖြင့်၊ အင်း. .တို့သည်ကားလို့ဆိုရင် ဘယ်အချိုးအစားထဲကပါလိမ့်၊ ဘယ်ရောက်မှာပါလိမ့်မတုံးလို့မေးတော့၊ ကွာတဲ့. . . ဒိဋ္ဌဓမ္မနိဗ္ဗာနပုဂ္ဂိုလ်ဆိုတာ တခြားအောက်မေ့မနေပါနဲ့ ယခုဘဝနိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်လို့ဆိုရမယ်။

ဝေဒနာ်ရှု၍နေခြင်းကြောင့်တဲ့ ဝေဒနာအပေါ်၌ ခင်တွယ်မှုတဏှာသေခြင်းကြောင့် ဝေဒနာချုပ်ရာနိဗ္ဗာန်ကြီးကိုလည်း အလင်းဓာတ်ကြီးမြင်နေခြင်းကြောင့် ဝေဒနာသုံးမျိုးအပေါ်၌ ဘယ်ဟာမှမခင်တွယ်ခြင်းကြောင့် ယခုအခြေနေ

မျိုးရောက်အောင် ဒကာ ဒကာမတွေကြိုးစားလို့ရှိရင်ဖြင့် အင်း. . . နိဗ္ဗာန်ယခုဘဝရမယ်လို့ ဟောထားပြန်တော့ ဒကာစိန်ရေ ခါးတောင်းကြိုက်မဖြုတ်နဲ့နော် (မှန်ပါ့ဘုရား)။

## ခါးတောင်းလည်းကြိုက်အလုပ်လည်းလုပ်ပါ

အေးအားရှိတယ်ဆိုမှ ခါးတောင်းကြိုက်ပြီး ဘာမှမလုပ်ဘဲနေလို့လဲမဖြစ်ဘူး၊ မဟုတ်ဘူးလား၊ အင်း ခါးတောင်းကြိုက်ပြီး ဒီအတိုင်းနေလို့လည်းမဖြစ်သေးပါဘူး၊ အင်းနိုးနိုးကြား ကြားနဲ့ ကြိုးကြိုးစားစားလုပ်လိုက်လို့ရှိရင် ဒိဋ္ဌဓမ္မ၊ ဒိဋ္ဌိမမ္မဆိုတာ အခုဘဝပေါ့ဗျာ၊ ဒိဋ္ဌဓမ္မေတိ ပစ္စက္ခေအတ္တဘာဝေါလို့ ဖွင့်ထားတယ်။ ပစ္စက္ခေဆိုတာ ယခုပစ္စက္ခ၊ ဒိဋ္ဌဓမ္မေတိ ပစ္စက္ခေလို့ ဟုတ်လား၊ ယခုဘဝ ပစ္စုပ္ပန္နေလို့ ဆိုလိုက်တော့ ယခုဘဝ၊ ယခုပစ္စုပ္ပန်ခဏ္ဍကိုပင်လျှင် ဒကာ ဒကာမတို့ နိဗ္ဗာန်ရနိုင်တယ်တဲ့။

ဝေဒနာပေါ် ၌ ငြီးငွေ့အောင်ရှု မလိုချင်အောင်ရှု ရှုခဲ့လို့ရှုတုန်းတန်းပြီဆိုမှဖြင့် ယခုဘဝနိဗ္ဗာန်ရနိုင်တဲ့ပုဂ္ဂိုလ်လို့ ငါဘုရားကဆိုလိုက်ပါတယ်၊ ဆိုတော့ဘယ်လောက်အားရှိစရာကောင်းလဲဟေ့ ဒကာစိန်က အားရှိစရာသိပ်ကောင်းတယ်။

ခင်ဗျားတို့အတွက်မှာဖြင့် အင်မတန်ထူးတဲ့ကံကြောင့် ဒီလိုအားကိုးလောက်တဲ့စကားတွေ အားကိုးလောက်တဲ့တရားတွေ ဦးလှဘူးတို့ ဒကာစိန်တို့ကြားရတယ်။

## ပါရမီထူး၊ ဘုန်းထူး၊ ကံထူး၊ ဉာဏ်ထူးတွေ

ဘုရားကိုယ်တော်တိုင်ဟောတာ၊ သူများပြောလည်း မဟုတ်ဘူး၊ ဟုတ်ဘူးလား၊ ဘုရားကိုယ်တော်တိုင်ဟောတာကို လည်း ကြားရပြန် ကိုယ်လုပ်နေတဲ့အလုပ်နဲ့လည်းကိုက်ပြန်ဆို တော့ ဒကာစိန်ရေ အရင့်အရင်က ကျုပ်တို့သည်ကားလို့ဆိုရင် ပါရမီထူး၊ ဘုန်းထူး၊ ကံထူး၊ ဉာဏ်ထူးဆိုတာ ခင်ဗျားတို့ အတွက်အင်မတန် ဝမ်းသာဖို့ကောင်းပါတယ်။

အင်မတန်ဝမ်းသာဖို့ကောင်းတယ် ဒကာဒကာမတို့ ကြည့်စမ်းဒီသုံးချက်မှာ ဒုတိယအချက်ထဲလည်း ကျုပ်တို့အတွင်း ဝင်နေကြပြီ၊ တတိယအချက်ထဲ လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ငြီးငွေ့ နေပြီဗျ (မှန်ပါဘုရား)။

ကိုင်း တချို့ကလည်း စွန့်လွှတ်ဖို့ရာတဲတဲပဲ ကျန် တော့တယ်ဗျ၊ အဲတော့ ဒိဋ္ဌဓမ္မနိဗ္ဗာန ပုဂ္ဂိုလ်အမျိုးအစား၌ သေ သေချာချာဆိုက်ရောက်ပါပေ့လား၊ ဟုတ်ပလား၊ သေသေချာ ချာဆိုက်ရောက်ပြီးသကာလ နေကြပြီ၊ ဒါကြောင့် ဒကာ ဒကာမတို့ ပန်းတိုင်နားရောက်နေမှ မဆွတ်ဘဲနဲ့တော့ မပြန်ပါနဲ့ (ဟုတ်ပါတယ်ဘုရား)။

## ပန်းဆွတ်ဖြစ်အောင်ဆွတ်ပါ

ပန်းတိုင်ဆွဲလိုက်တဲ့အခါကျတော့ အောင်ပွဲယူတာမ

ဟုတ်လား၊ငါက ပန်းရတယ်၊ သူကပန်းရတယ်၊ ရေတွေမြော ကြတယ်၊ ဟုတ်လား။ အဲဒီပန်းတိုင်နားရောက်နေမှဖြင့် ဟယ်-မဆွတ်သေးပါဘူးလို့မပြန်လိုက်ပါနဲ့၊ မပြန်လိုက်ပါနဲ့၊ နိဗ္ဗိန္ဒဉာဏ် ဆိုတာငြီးငွေ့တဲ့ဉာဏ်၊ (မှန်ပါ)။

ဝိရာဂ ဆိုတာက၊ တကယ်ကို ဝေဒနာကြီးကို ရှင်းပစ် ချင်တဲ့ဉာဏ်၊ အဲဒီဉာဏ်ရောက်လာအောင် ဒကာ ဒကာမတွေ ကြိုးစားလိုက်ပါ၊ အဲဒါ ပန်းတိုင်ဖြစ်ပါတယ်။

အဲဒီတော့ ဒိဋ္ဌဓမ္မနိဗ္ဗာနပုဂ္ဂိုလ်ဖြစ်သည့်တိုင်အောင်ဖြင့် ဒကာစိန်ရေလုပ်လိုက်၊ (လုပ်မှာပါဘုရား)၊ ဟုတ်လား၊ ဒိဋ္ဌဓမ္မ နိဗ္ဗာနပုဂ္ဂိုလ်၊ ဒိဋ္ဌဓမ္မဆိုတာ ယခုဘဝ၊ နိဗ္ဗာနဆိုတာ ငြိမ်းအေး တာ၊ ဟာ ယခုဘဝငြိမ်းအေးပြီးရမယ့်ပုဂ္ဂိုလ်၊ (မှန်လှပါဘုရား)။

## စွန့်လွှတ်ချင်တဲ့ဉာဏ်ရအောင်လုပ်စမ်းပါ

နိဗ္ဗိန္ဒဉာဏ်ကနေပြီး စွန့်လွှတ်ချင်တဲ့ဉာဏ်ရအောင် သွားလိုက်ကြစမ်းပါလို့၊ သေသေချာချာသတိပေးနေတယ်။

ကိုင်းဒါဖြင့် ယနေ့ဟောတဲ့ အချက်သုံးချက်သည် ဒကာစိန်ရေအင်မတန် အသုံးကျတယ်၊ ပထမတရားနာ နည်းလည်းခင်ဗျားတို့ရကြပြီ၊ ကိုယ်တိုင်ကျင့်တဲ့အခါ ဘယ် ရောက်အောင်ကျင့်ရမယ်ဆိုတာကော (ရပါပြီဘုရား) ရပြီ၊ နိဗ္ဗိန္ဒဉာဏ်ကနေပြီ လွတ်မြောက်ချင်တဲ့ ဉာဏ်ရအောင် ကျင့်ကြ (မှန်ပါ့)။

အဲဒီလို ကျင့်ပြီးပါပြီ ဘုရားဆိုတော့၊ အိုဒါတွေ တွေ့တော့ ယခုဘဝ နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချလိုက်တာပေါ့ကွတဲ့၊ ကိုင်း ဘယ်လောက် အဖိုးတန်သွားသလဲ သေချာပြီ။

သူများပြောလား၊ ကိုယ်တော်ကြီးကိုယ်တိုင်ပြောတာ လား (ဘုရားကိုယ်တော်တိုင်ပြောတာပါဘုရား) အေး ဒါကြောင့်။

## ဇေတဝန်ကျောင်းမှာဟောပါတယ်

ဒီပါဠိတော်ကို သေသေချာချာသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတစ်ပါးကမေးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဖြေထုတ်တာပါဆိုတာကိုလည်း သဘောကျပလား (ကျပါပြီဘုရား)။

ဟောတော့ ကျုပ်တို့ဖြင့် အားကိုးလုံးကြီးနဲ့ တွေ့ပြီး ဒကာစိန် (တင်ပါ့ဘုရား)။ အားလျော့စရာတစ်ကွက်မှ မရှိပါဘူး၊ အားလျော့စရာမရှိပါဘူး အားလုံးပဲ အပြည့်အစုံရပြီး သကာလ နေပါပြီ။

ကိုင်း-ဒါဖြင့် ကျုပ်တို့နေ့တိုင်းလုပ်နေတဲ့အလုပ်သည် ဒကာ ဒကာမတို့ ချက်ချင်းပဲ၊ ဒီဘဝနိဗ္ဗာန်ရနိုင်တဲ့ဥစ္စာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ထောက်ခံချက်ပေးပြီ၊ မပေး ဘူးလား (ပေးပါတယ်ဘုရား)။

## ဘုရားက တစ်ခွန်းနဲ့ အမှန်ဟောတယ်

အေး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ထောက်ခံချက်ပေးတယ်ဆိုသဖြင့် အဒ္ဒေဇ္ဈဝစနာ ဗုဒ္ဓာတဲ့ ဒကာစိန်၊ ဗုဒ္ဓ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတို့သည် အဒ္ဒေဇ္ဈဝစနာ နှစ်ခွန်း မပြောကုန်၊ ကြည့်စမ်း ဒီအတိုင်းလာတဲ့ဉာဏ်ကနေပြီး နိဗ္ဗိန္ဒဉာဏ် ကနေပြီး စွန့်လွှတ်ချင်တဲ့ဉာဏ်သာ စွန့်မိလို့ရှိရင်ဖြင့် ယခုဘဝ နိဗ္ဗာန်ကြီးကို ဒိဋ္ဌဓမ္မ - ရောက်မည့်ပုဂ္ဂိုလ်ဖြစ်ပါသည်လို့ တစ်ခွန်း တည်းသုံးသွားတယ်။

တစ်ခွန်းတည်းသုံးသွားတဲ့အတွက် ဒကာ ဒကာမတို့ ဆယ့်တစ်မီးငြိမ်း၍ အအေးဓါတ်ကြီးဆိုတဲ့ နိဗ္ဗာန်ဓါတ်ကြီးဟာ ဝင်မလာဘူးလား (ဝင်လာပါတယ်)၊ အဲဒါကြောင့် ဒကာ ဒကာမတို့ အားထုတ်တဲ့အခါကျတော့ ဆယ့်တစ်မီးများငြိမ်းတဲ့ အခါ တယ်သိသာသကိုးဗျ (မှန်ပါ့)။

## မီးဆယ့်တစ်မီးငြိမ်းတယ်

ဆယ့်တစ်မီးများငြိမ်းသွားလို့ သောတာပတ္တိ မဂ်ရလို့ သောတာပတ္တိမဂ်နဲ့ဆိုင်တဲ့ ဆယ့်တစ်မီးများ ငြိမ်းလိုက်တယ်လို့ ဆိုရင်ပဲ၊ အင်မတန်အဘိုးတန်တဲ့ အအေးဓာတ်ကြီးဟာ ဝမ်းထဲကို ရောက်ပြီးလာတော့တာပေါ့ဗျာ၊ ဒါကြောင့် ဟဒယ သုသီတလ မဂ္ဂဒသနေန သန္တာပဒ္ဓောကိုဗျာ ဟဒယ သုသီတလ

မဂ္ဂဒသနေန နှလုံးထဲငြိမ်းအေးခြင်းလက္ခဏာရှိသော မဂ္ဂသစ္စာ ပေါ်အောင် ထင်ရှားအောင်လို့ ပြပြန်တယ်။

အားထုတ်တဲ့ပုဂ္ဂိုလ်များအတွက် ငြိမ်းအေးခါတ်လာလို့ ရှိရင် ငါဘာဖြစ်သတုံးဆိုတာ သေသေချာချာဆုံးဖြတ်ချက်ချ နိုင်အောင်လို့ (မှန်ပါ့) ဒါကြောင့် အရေးတကြီးထားပြီးပြော နေတာ။

ဟဒယသုသိတလမဂ္ဂဒသနေန နှစ်လုံးတွင် ငြိမ်းအေး ခြင်းသဘောရှိသော မဂ္ဂသစ္စာဝမ်းထဲရောက်သဖြင့်၊ မဂ်ကလေး ကတော့ ဝမ်းထဲရောက်ပြီဆိုပါတော့ဗျာ (မှန်ပါ့)။

သန္တာပဋ္ဌော၊ ထောင့်ငါးရာကိုလေသာမီး၊ တစ်ဆယ့်တစ် ပါးသော မီးတွေငြိမ်းခြင်းသည် ဟောတိ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ထဲ၌ထင်လာ၏။

## ဘာအေးတာနဲ့မှမတူဘူး

ခုနက ဝိရာဂါယ-ဖြစ်ပြီဆိုမှဖြင့် ရာဂကလေးများ ကင်းပြီ ဆိုမှဖြင့် နှလုံးထဲကို မဂ်ကလေးကလည်းရောက်လာတော့ ငြိမ်း အေးသွားတဲ့သဘောဟာ ဘာအေးတာနဲ့မှ မတူဘူးတဲ့ (မှန်ပါ့ ဘုရား) တစ်ခါတည်း အေးပေမှာပဲ၊ ပဋိသမ္ဘိဒါမဂ်ဋီကာ ဆရာ အကျယ်ဖွင့်တဲ့အတိုင်း အေးပေမှာပဲ (မှန်ပါ)။

ခင်ဗျားတို့နေ့တိုင်း နေ့တိုင်းဟာက လောဘမီး၊ ဒေါသမီး မောဟမီးတွေက ပူလောင်နေတာ၊ ဣဿာမီး၊ မစ္ဆရိယမီး၊ မာနမီးတွေဟင် ဒါတွေဟာ လောင်ပြီး သကာလနေတော့ အငြိမ်းပြုစုလို့ရလား . . . (မရပါဘုရား)။

တွေးလေဆွေးလေ၊ တွေးလေဆွေးလေ၊ အဲဒီတော့ မနေ့ ညကလည်း မသက်သာ၊ ညကျတော့ ညရေးစိုးရိမ်ရ နေ့ကျတော့ နေရေးအတွက်စားဖို့ သောက်ဖို့ရှာရလို့ပြည့်စုံမှု စိုးရိမ်ရ ကြောင့်ကြရ၊ အမလေးအမြဲပူလောင်နေတာပါလား။

အဲဒီပူလောင်စာကြီးဟာ၊ ခုနကဝေဒနာပေါ်၌ သိနိုင်တဲ့ ဉာဏ်ကလေးဟာ ဖျတ်ခနဲ့ဝမ်းထဲပေါ်ပါရောတဲ့ဗျာ၊ ဒီအပူလေးတွေဟာ အကုန်ငြိမ်း သကာလ ဒကာ ဒကာမတို့ အေးပြီးသကာလသွားတော့တာပဲ။

မဂ်စစ်လာပြီဆိုမဖြင့်လေ၊ ကိလေသာမီးတွေအကုန် ငြိမ်းပြီးအအေးဓါတ်ကြီးချည့်ပဲ၊ အားလုံးဆိုမှဖြင့် ခန္ဓာကိုယ်ထဲ အကုန်သိမ်းပြီးဝင်လာတော့တာပဲ (မှန်လှပါဘုရား) ဒကာစိန်ရေ လောဘတို့ မောဟတို့ဆိုတာ ဒီက ဒီကလာတာ (မှန်ပါ)။

## အအေးဓါတ်ဝမ်းထဲရောက်လာတယ်

ကိလေသာမီးတွေငြိမ်း၊ အအေးဓါတ်အကုန်သိမ်းကြုံး ပြီးသကာလဟာ ဝမ်းထဲရောက်လာတယ်၊ အဲဒီရောက်လာတာ တွေက ဘာတွေတုံးလို့မေးတဲ့အခါကျတော့ မဂ်စစ်တွေ၊ (မှန်ပါ)။

ကိလေသာမီးတွေအကုန်ငြိမ်းလို့ အေးချမ်းတဲ့တရားဝမ်းထဲရောက်လာတော့၊ အအေးကြီးမအေးပေဘူးလား- (အေးပါတယ်ဘုရား)၊ ခါတိုင်းကတော့ အမြဲတမ်းဖုတ်ပူမီးတိုက်၊ ငါးရံ့ပြာလူးဆိုသလိုနေရတာ၊ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်)

အေး ဖုတ်ပူတွေထဲပြေးရတဲ့အခါကျတော့ ခြေထောက်ကလေးတကြွကြွနဲ့ မီးမြိုက်တဲ့အခါကျလို့ရှိရင်ဖြင့် တွန့်လိမ်ပြီးသကာလနေတုံး၊ (ဟုတ်လား)၊ ငါးရံ့ပြာလူး ဆိုတဲ့ဥစ္စာသည်အရှင်ကြီးလူးနေတော့လှိမ့်ခံပြီး နေရတော့တာပေါ့။

အဲဒီကဲ့သို့ ခင်ဗျားတို့မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေက ဒီနေရာကုလားထိုင်ပေါ် ထိုင်နေလို့လည်းမပြီးသေးဘူး၊ ထိုင်နေလို့မပြီးသေးဘူးဆိုလဲ ထရပြန်ရော၊ ထနေလို့လဲမပြီးသေးဘူးဆိုပြန်တော့လည်း ထိုင်ရပြန်ရော၊ (မှန်ပါ့)။

## ကိလေသာမီးလောင်နေတယ်

အေး - ထိုင်ရ၊ ထရနေလို့လည်း မပြီးသေးဘူး၊ အိပ်ရင်လည်းအိပ်လိုက်အုံးမှ မအိပ်ပြန်ရောဂါလာလိမ့်အုံးမယ် (မှန်ပါ့) ဒီလိုပဲရောဂါကြောင့်နေရတာကတစ်မျိုး၊ ထိုင်နေရင်း မတ္တကနဲ့ကိလေသာဝင်လာလို့ သွားလိုက်ဦးမှထင်ပါရဲ့ဆိုတဲ့ အပူမီးလောင်နေတော့ ဒီနေရာက မထိုင်နိုင် (မှန်လှပါဘုရား)။

သွားနေရာကတစ်ဖန် နောက်စိတ်မချလို့ ပြန်လှည့်လာရပြန် (မှန်လှပါဘုရား) ကိုင်းဒကာဒကာမတို့ ထိုင်ရင်လည်းအပူလောင် ထရင်ကော. . . (အပူလောင်ပါတယ်ဘုရား)။

ကိုင်းအိပ်ဦးမှထင်ပါရဲ့ဆိုတော့ ဒကာ ဒကာမတို့ မအိပ်ရင်ရောဂါရချေရဲ့ဆိုပြီး သကာလ အပူလောင်လို့ သွားအိပ်ရပြန်တယ်၊ (မှန်ပါ့)။

အမလေး ဒကာ ဒကာမတို့ထိုင်နေပြန်ကော၊ ထိုင်နေလို့ရသလား (မရပါဘူးဘုရား) ထနေပြန်ကော. . (မရပါဘုရား) အိပ်နေလို့ကော . . . (မရပါဘုရား) အိပ်နေပြန်တော့၊ မနက်မိုးလင်းလာတော့ အိပ်နေလို့မဖြစ်သေးဘူး၊ နေဖို့ စားဖို့ သောက်ဖို့သားရေးသမီးရေးရှိသေးတယ်ဆိုပြီး၊ အပူမီးက ထတောက်လိုက်တာနဲ့ ထရပြန်ရော. . . (တင်ပ့ါ) ဟုတ်ပလား။

အဲဒီတော့ ခင်ဗျားတို့ကအိပ်နေလည်းလောင်တယ်၊ ထိုင်နေကော . . (လောင်ပါတယ်) သွားနေကော. . (လောင်ပါတယ်)၊ အဲဒီတော့ဒါကြောင့်လည်း သွားရင်းလည်းလောင်တယ်၊ အိပ်ရင်းလည်းလောင်တယ်၊ ထိုင်ရင်းလည်းလောင်တယ်ဆိုတော့ ဒကာစိန်ကခပ်ကပ်ကပ်ခွေနေပါလားဗျာ (မှန်ပ့ါဘုရား ဒီလိုမနေတော့ပါဘူး)။

ခွေနေလည်း လောင်ဦးမှာဘဲ ခွေနေလို့မဖြစ်သေးဘူး၊ ဟုတ်ပလား၊ ညစာမနက်စာက လိုသေးတယ်၊ ဘယ်သူမှ

ချက်ကျွေးမှာမဟုတ်ဘူး. . . (မှန်ပါ့ဘုရား) ဒကာစိန်အတွက် ကလေ၊ စားဖို့သောက်ဖို့လုပ်ရဦးမယ်ဆိုပြီး၊ ခွေရင်းနဲ့အပူလောင် တာနဲ့ထရပြန်ပြီ (မှန်ပါ့)။

## မဂ်ဉာဏ်လာမှအကုန်ငြိမ်းတယ်

ဒါဖြင့်ဘယ်လိုနေမတုံးဗျာ ဘယ်လိုမှနေလို့မရတော့ဘူး၊ လောင်နေမှာပဲ၊ အဲဒါတွေဟာကိလေသာမီးတွေလောင်နေတာ၊ မဂ်ဉာဏ်လာတော့ ဒီမီးတွေကအကုန်ငြိမ်း၊ (မှန်လှပါဘုရား)။

ထိုင်နေလည်းထိုင်အေး၊ ထနေကော (ထအေးပါဘုရား)၊ အေးအိပ်နေကြတော့ကော (အိပ်အေးပါဘုရား)၊ ကွေးနေပြန် တော့ကော (ကွေးအေးပါဘုရား)၊ အဲ. . အဲဒီလိုနေတော့ သူ့သွားပြီး သကာလ ဘယ်အပူမီးကမှ မလောင်နိုင်တော့ဘူး၊ မဂ်ရေစင်တည်းဟူသောတရားက ဝမ်းထဲမှာရောက်သွားတော့ လေ. . (မှန်ပါ့) တစ်ခါတည်းအေးနေရုံရှိတော့တာပဲ။

ဒါကြောင့် ပဋိသမ္ဘိဒါမဂ်ဋီကာ ဆရာတော်က ဟာဒယ သုတိတလမဂ္ဂဒဿနေနသန္တာပဌော။

ဟာဒယသုသိတလ မဂ္ဂဒဿနေန နှလုံးတွင်းငြိမ်းအေး ခြင်းလက္ခဏာရှိအောင် မဂ္ဂသစ္စာဝမ်းထဲရောက်မှသာလျှင် သန္တာပဌော-ကိလေသာအပူမီးကြီး နဂိုကလောင်နေတာ သိရပေတော့တယ်တဲ့။

## နဂိုကအပူလောင်နေတာ

ယောဂီတွေအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ လက်ဦးကအပူလောင်နေတာ ခုမှပဲကင်းပေတော့တယ်တဲ့၊ နဂိုကအပူလောင်နေတာ အခုမဂ်ရောက်လာတော့မှ အေးသွားတော့မှ နဂိုကဘာ ဖြစ်နေတယ်ဆိုတာ အခုမှလုံးလုံးကြီးပေါ်လာတယ် (မှန်ပါ့ ဘုရား)။

အခုတော့ ဒကာ ဒကာမတွေက ဟုတ်လား၊ ငရုတ်သီးပိုးဖြစ်နေတာ၊ မသိဘူး၊ ဝွကျလိုက်တာက (မှန်ပါ) ငရုတ်သီးကပင်ကိုက အပူကိုဗျ၊ အပူကိုစားတာဖြစ်နေတယ်။

အပူတွေကဆိုက်နေပြီ၊ ညည်းစရာလိုသေးလား (မလိုပါဘုရား)၊ အပူထဲမှာမွေး၊ အပူထဲမှာနေ၊ အပူထဲမှာသေ၊ ဒီလိုဖြစ်နေတော့ ပူတယ်ဆိုတာညည်းသေးရဲ့လား။ (မညည်းတော့ပါဘုရား)။

ဘာပြုလို့လဲဆိုတော့ အအေးဘယ်တော့မှ မမြင်ဘူးသေးလို့ (မှန်လှပါဘုရား)၊ ဟုတ်ပလား။

## ဝေဒနာစွန့်ချင်တဲ့ဉာဏ်ရအောင်ရှုပေး

အဲဒီတော့ ဒကာ ဒကာမတို့ ဒီကရှေ့၊ နိဗ္ဗိန္ဒဉာဏ်နဲ့တရားကိုရှု၊ ရှုပြီးပြီအခြားမဲ့၌ ဒါတွေဒါတွေဝေဒနာကြီးကိုစွန့်လွှတ်ချင်တဲ့ဉာဏ်ရအောင် ရောက်သည့်တိုင်အောင်၊ ရှုပေးလိုက်စမ်းပါ ဒကာစိန် (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ရှုပေးလိုက်ပြီဆိုမှဖြင့် ဝိရာဂေါတိမဂ္ဂေါ ဆိုတဲ့အတိုင်း ရာဂကင်းသွားတဲ့ဉစ္စာသည်ကားဆိုလို့ရှိရင် မဂ်ပေါ်လာတယ်။

## မဂ်ပေါ်လာရင်ဆယ့်တစ်မီးငြိမ်းတယ်

မဂ်ပေါ်လာရင် ခင်ဗျားတို့ ဆယ့်တစ်ပါးသော ကိလေသာမီးတွေကငြိမ်းအေးပြီး သကာလသွားတော့တယ်၊ ဆိုတာကိုယ်ဟာကိုယ် သိပါတယ်၊ ဟုတ်ပလား (ဟုတ်ပါပြီ)။

သူများမေးရမှာလား၊ ကိုယ်တိုင်သိရမှာလား. . (ကိုယ်တိုင်သိရမှာပါဘုရား) အေးကိုယ်တိုင်သိနေတယ်ဆိုတဲ့ အဓိပ္ပါယ်မို့ ဧကန်ရောက်၊ တကယ်ရောက်ဖြစ်နေသောကြောင့် အင်းဒီအလုပ်သည်ကား ဆိုလို့ရှိရင်ဖြင့် အေးချင်လို့လုပ်တာ ဖြစ်တော့ ခင်ဗျားတို့က အအေးကိုယူလိုက်ကြပါလို့ ဆရာဘုန်းကြီးက တိုက်တွန်းတယ် (မှန်လှပါဘုရား)။

ခင်ဗျားတို့ကအေးချင်လွန်းလို့တဲ့ အချိန်ရှိတုန်း လျှောက်လုပ်နေရတယ်၊ ကြီးတဲ့အခါအေးအေးလေး နေနိုင်အောင်လို့၊ အဲဒီအအေးက အလကား၊ (မှန်ပါ့) ကြီးပူ၊ ပူဦးမှာပဲ၊ ငယ်ပူ၊ ပူပြီးသကာလ အလတ်ပူ၊ ပူဦးမှာပဲ၊ အလတ်ပူ ပူပြီး သကာလ ကြီးတော့အပူကကော . . . (ပူဦးမှာပါဘုရား)။

## အသက်ကြီးရင်အေးအေးနေဖို့တဲ့

အဲဒီတော့ ဒါအလကားပြောနေတာ ဒကာ ဒကာမတွေ ကြီးတော့အေးအေးလေးနေထိုင်နိုင်ဖို့ ယခုအရွယ်ရှိတုန်းရှောင်းရတယ် ဝယ်ရတယ်၊ စုဆောင်းပြီးသကာလနေရတယ်၊ ချွေတာနေရတယ်၊ ကြီးတဲ့အခါကျလို့ရှိရင် အေးအေးလေးနေရအောင်လို့ ပြောတယ်။ မထူးလာပါဘူး စိတ်ချပါ။

မအေးပါဘူး စိတ်ချပါ၊ ကြီးတော့ကြီးပူလာဦးမှာပဲ၊ ဟုတ်ဘူးလား၊ ကြီးတဲ့အခါကျတော့လည်း ကြီးပူလာဦးမှာပဲ၊ မထူးပါဘူး၊ ငယ်တုန်းကလည်းငယ်ပူနဲ့နေခဲ့ရတယ်။ အလယ်အလတ်မှာလည်း အလတ်ပူနဲ့နေခဲ့ရပြီ (မှန်လှပါဘုရား)။

## အိုလာတော့အိုပူနဲ့ပါပဲ

ကြီးတဲ့အခါကျမှပဲ ဇာတ်သိမ်းဦးမယ်ဆိုတော့ဖြစ်နိုင်ပါ့မလား. . (မဖြစ်နိုင်ပါဘူး)၊ ငယ်တုန်းက အပူလေးမွေးလာတဲ့ဥစ္စာပဲ အရွယ်လတ်တုန်းကျတော့လည်းအပူနဲ့ပေါ့၊ (မှန်ပါ့)၊ အိုလာတော့ကော (အပူနဲ့ပါဘုရား)။

အေး သေခါနီးတောင် ခင်ဗျားတို့ အပူလောင် သေဦးမှာ၊ (မှန်ပါ့)၊ အေး ဒါ့ကြောင့် မြန်မြန်လုပ်ပါလို့ပြောရတယ်၊ အပူလောင်သေတာက သားစိတ်မချ၊ သမီးစိတ်မချ၊ မျက်ရည်လေးကလယ်ကလယ်နဲ့ အခွဲကြီးခွဲရတော့မယ်ဆိုပြီး သကာလ

အပူမီးလောင်ပြီး သေလို့မျက်ရည်တွေကို စီးကျတဲ့မျက်ရည်တွေကိုသွားကြည့်စမ်း ဒကာစိန်၊ နွေးလို့ (မှန်လှပါ) အတွင်းဘယ်လောက်ပူတယ်ဆိုတာ (မှန်ပါ့)။

## မျက်ရည်ကနွေးနေတယ်

တော်တော်ဆူတဲ့နေရာနဲ့ မျက်ရည်နဲ့ဟာ အတော်ဝေးတယ်၊ ဆူတဲ့နေရာက ဝမ်းဗိုက်ထဲမှာဆူတာ၊ မျက်ရည်ကပျော်ပြီးသကာလ လမ်းလျှောက်အေးလာတာတောင်မှ စမ်းကြည့်စမ်း၊ လက်ပေါ်ကျတော့လည်းမျက်ရည်က နွေးနေတာ၊ (မှန်လှပါဘုရား)၊ မဟုတ်ဘူးလား။

အမလေး ဒကာ ဒကာမတွေ အဲဒီကဲ့သို့သားစိတ်မချ၊ သမီးစိတ်မချနဲ့၊ တစ်ခါတည်း၊ အတွင်းဘယ်လောက်အပူလောင်သလဲ၊ မျက်ရည်တောင်နွေးပူလာတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

## မျက်ရည်တွေအေးနေတယ်

အခုဘုန်းကြီးပြောနေတဲ့ ဒကာ ဒကာမတွေ ခင်ဗျားတို့ ဝိပဿနာဉာဏ်က အားထုတ်လိုက်လို့ တစ်ခါတစ်လေမျှားငိုချင်လာလို့ မျက်ရည်တွေကျတာတောင် စမ်းသပ်ကြည့်ပါတဲ့ ဒကာစိန်ရ မျက်ရည်တွေအေးနေတာ (မှန်လှပါဘုရား)။ ဉာဏ်မင်ကိုဗျ။

## မျက်ရည်ချင်းတောင်မတူဘူး

ဉာဏ်နဲ့ရှုလို့ရတဲ့မျက်ရည်၊ ဉာဏ်နဲ့ရှုလို့ရတဲ့မျက်ရည်တဲ့ ဉာဏ်အားထုတ်လို့ရတဲ့မျက်ရည်၊ (မှန်ပါ့) အဲဒါကျတော့အေး တယ်၊ ခုနကဒေါသနဲ့ထွက်တဲ့ မျက်ရည်ကတော့ (ပူပါတယ် ဘုရား)၊ မျက်ရည်ချင်းတောင်မတူဘူးဗျ၊ (မှန်လှပါဘုရား)။

အဲဒါမဂ်ဉာဏ်မရသေးဘူး၊ မဂ်ဉာဏ်ရမယ်လို့ ရှေ့တော် ပြေးလေး၊ ဉဒယဗ္ဗယဉာဏ်နဲ့ ဖြစ်ပျက်ရှုနေတုန်းကိုပဲ၊ ငိုချင် လာတာတွေ ဝမ်းသာလို့ မျက်ရည်ထွက်လာတာတွေ (မှန်ပါ့ဘုရား)။

ငိုလို့မျက်ရည်ထွက်လာတာတွေ၊ မျက်ရည်ချင်းစမ်း ကြည့်ပါ ဒကာစိန်ရ၊ ခင်ဗျားဘယ်နှယ့်ထင်သလဲ (အေးမှာပါ ပဲဘုရား)။

## ပီတိကြောင့် မျက်ရည်ထွက်လာ

အေးမှာပါပဲဆိုရင်တော့ မျက်ရည်ပြင် မထွက်ဖူးသေးဘူး ထင်တယ် ခင်ဗျား၊ (မှန်ပါ မထွက်ဖူးသေးပါဘုရား) မထွက် ဖူးသေးဘူးတစ်ခါမှ မျက်ရည်မထွက်ဖူးသေးဘူး၊ အဲဒီတော့ လူတိုင်းတော့ ဘယ်ထွက်မလဲပေါ့ဗျာ။

တချို့ကျတော့လည်း ဉာဏ်အားနဲ့ပဲ ပြီးရတယ်၊ အဲဒါတချို့ကျတော့ မျက်ရည်ထွက်လာတယ် ပီတိ၊ ဝမ်းမြောက် တာတွေကြောင့်လည်း မျက်ရည်ထွက်လာတယ်။

## မိလိန္ဒမင်းကြီးကမေးတယ်

အဲဒီမျက်ရည်တွေသည်ကားလို့ဆိုရင် ဘယ်မှာဟော သတုံးဆိုတော့ ရှင်နာဂသိန်နဲ့ မိလိန္ဒမင်းကြီးဆိုတာရှိတယ်၊ မိလိန္ဒမင်းကြီးက အရှင်ဘုရားတဲ့ ရယ်တဲ့ပုဂ္ဂိုလ်လည်းမျက်ရည် ထွက်တာပဲ၊ ငိုတဲ့ပုဂ္ဂိုလ်လည်း မျက်ရည်ထွက်တာပဲ၊ ဘာများ ထူးသတုံးဘုရား။

## ရှင်နာဂသိန်ကဖြေတယ်

မျက်ရည်သည်ကားလို့ဆိုရင် ဘေးရှိတဲ့မျက်ရည်၊ ဘေး မရှိတဲ့မျက်ရည်ပြောစမ်းပါဦးဘုရား၊ ဆိုတော့ ဝိပဿနာ ဉာဏ် အားထုတ်လို့ပေါ်လာတဲ့ မျက်ရည်တွေကျတော့ ဆေးမျက်ရည် အေးတယ်၊ (မှန်ပါ့ဘုရား)။

သားရေးသမီးရေး စီးပွားရေးကြောင့် ပျက်စီးထွက်ရတဲ့ မျက်ရည်သည်ကားလို့ဆိုရင် ဘေး၊ ဘေးမျက်ရည်တဲ့၊ ရိပ်မိ ကြပလား (ရိပ်မိပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတွေက ရှေးကထွက်ခဲ့တဲ့၊ သမုဒ္ဒရာရေလေးစင်းရေလောက်များတယ်။ ဆိုတာ ဘေး ကြောင့်ထွက်တဲ့မျက်ရည်၊ (ဟုတ်ပါတယ်ဘုရား)။

## ဆေးမျက်ရည်အေး

ဆေးအဖြစ်နဲ့ ထွက်တဲ့မျက်ရည်အေးပြောကြစမ်းပါဦး၊ တရားအားထုတ်လို့မဟုတ်လား၊ ဝမ်းသာတာနဲ့လည်း ထွက်လာမှာပါပဲ။ ဟုတ်ပလား (ဟုတ်ပါတယ်ဘုရား)။

ဒါ လူတိုင်းတော့ ထွက်လာမှာမဟုတ်ဘူးပေါ့ဗျာ၊ တချို့ကျတော့ အရောင်အဆင်းအလင်းနဲ့ပဲပြီးသွားမယ်။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီဝမ်းသာမျိုးလေးတွေ့ အောင်ထိုင်၊ ပီတိခန်းကျတော့လာတယ်နော်- (မှန်ပါ့) ပီတိခန်း ကျတော့လာတယ်၊ ဩဘာသ၊ ပီတိ၊ ပဿတိဆိုတော့၊ ဥဒယဗ္ဗ ယဉာဏ်ရင့်သန်လာတဲ့အခါကျတော့ ဒကာစိန်ရေ-ပီတိတွေဟာ ဝမ်းသာလာလိုက်တာ မျက်စိထဲကမျက်ရည်တွေ တစ်ပေါက် ပေါက်ကျတယ် (မှန်လှပါဘုရား)။

## ဝမ်းသာလွန်းလို့ ကျတဲ့မျက်ရည်

ဘယ်တုန်းကမှ မတွေ့ဘူးတဲ့ အာရုံတွေ့ရတာကိုဗျ၊ အဲဒီကဲ့သို့ တွေ့တဲ့အခါကျတော့ ဝမ်းမသာဘဲ နေနိုင်ပါ့မလား (မနေနိုင်ပါဘုရား) ဝမ်းသာတယ်ဆိုရင်ပဲ မျက်ရည်တွေက စီးလာအောင်မကျပေဘူးလား (ကျပါတယ်ဘုရား)။

## ဉာဏ်ကြောင့်ဖြစ်တဲ့မျက်ရည်

အေးဒါတွေသည်ကားဆိုရင်ဖြင့် ဉာဏ်ကြောင့်ဖြစ်တဲ့ မျက်ရည်တွေဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ ထွက်ကောင်းတဲ့မျက်ရည်ဗျ၊ အဲဒီမျက်ရည်စမ်းသပ်ကြည့်ရင် အေးရမတဲ့၊ (မှန်ပါ)။

ခင်ဗျားတို့ ဒေါသကြောင့် ဖြစ်တဲ့မျက်ရည်တွေက တော့ (ပူပါတယ်ဘုရား) အင်း- ဒါကြောင့် ဘုန်းကြီးသည်ကားလို့ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ကို သတိပေးရတယ်၊ (မှန်လှပါ)။

မျက်ရည်အေးလေးကျလို့ရှိရင်ပေါ့ဗျာ၊ ခင်ဗျားတို့ စိတ်ချရတဲ့ လမ်းနီးနေပြီ၊ မျက်ရည်ပူကြီးတွေနဲ့ဆိုရင်ဖြင့် မျက်လုံးကို တစ်ခါတည်းနီပြီး သကာလပွတ်ထားလိုက်တာလဲ လွန်လို့၊ ဘာဖြစ်လို့လဲမမေးရပါဘူး၊ စိတ်ဆိုးလာ တယ်ပြော မှာပါပဲ၊ (ပြောပါတယ်ဘုရား)။

အဲဒါမစီစစ်ရဘူးလား (စစ်ရပါတယ်ဘုရား) အေးဒါ ကြောင့် ဉာဏ်နဲ့ရတဲ့ မျက်ရည်က ဆေးမျက်ရည်လား၊ (ဆေး မျက်ရည်ပါဘုရား)။

## ဘေးမျက်ရည်နဲ့ ဆေးမျက်ရည်

သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ရတဲ့မျက်ရည်က (ဘေးမျက်ရည်ပါဘုရား)။ ဘေးသင့်တဲ့မျက်ရည်နဲ့ ဆေးမျက်ရည်

ကို၊ ဆေးမျက်ရည်ချည်းကျအောင်ဖြင့် ဒကာ ဒကာမတွေ ကြိုးစားလိုက်ကြပါဦး၊ ဝမ်းသာလုံးဆို့အောင်ပေါ့ဗျာ . . . (မှန်ပါဘုရား)။

အဲဒီလိုပဲ ဒကာ ဒကာမတွေ ဆုတွေ လာဘ်တွေ အင်မတန် အဘိုးတန်ပြီဆိုတဲ့အခြေအနေရောက်မှ စိတ်ချလက်ချနေလိုက်ကြစမ်းပါ၊ (မှန်ပါ) စိတ်ချလက်ချနဲ့ နေလိုက်ကြစမ်းပါ။

## စိတ်ချစရာနည်းနည်းလိုသေးတယ်

ယခုအချိန်မှာလည်း ဒကာ ဒကာမတွေ စိတ်ချစရာတွေနည်းနည်းလိုနေသေးတယ်၊ စိတ်ရှုတဲ့ ဒကာ ဒကာမတွေ ဖြစ်ပျက်မြင်ကြပါတယ်၊ ဥဒယဗ္ဗယရပါတယ်၊ တချို့လည်း ငြီးငွေ့လာတယ်။

သို့သော် အချက်ကလေးတွေက၊ တစ်ချက်လောက်နှစ်ချက်လောက်ကျန်ကျန်နေသေးတယ်၊ ဒကာစိန်ရ- (မှန်ပါဘုရား)။ အဲဒီကဲ့သို့ မကျန်ရအောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်၊ သေသေချာချာကြိုးစားလိုက်မယ်ဆိုရင်တော့ဖြင့် ဒိဋ္ဌဓမ္မ နိဗ္ဗာန ပုဂ္ဂိုလ်ထဲဝင်အောင်လုပ်လိုက်ပါ (မှန်လှပါဘုရား)။

ဒိဋ္ဌဆိုတာက ယခုဘဝ၊ ဓမ္မဆိုတာက ကိုယ်ကိုယ်တိုင် အားထုတ်မည့်တရား၊ နိဗ္ဗာန ပုဂ္ဂိုလ်ဆိုတာက မဂ်ရလို့ရှိရင်

တကယ်တမ်း ကိလေသာမီး၊ ဟုတ်လား၊ အပူမီးတွေ၊ အပူငြိမ်းပြီးသကာလ နိဗ္ဗာန ဓါတ်ကြီးရတယ်လို့ပြောတာ။

ကိုင်း ဒကာ ဒကာမတို့ သေသေချာချာကြိုးစားရင်၊ သေသေချာချာရမယ် ဆိုတာသည် ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား)။

## ဓမ္မကထိကဆိုတာ

ကိုင်း ဒကာ ဒကာမတို့ ရနိုင်တယ်ဆိုတာကို ဘုန်းကြီးပြောတော့မယ်၊ ပထမရှေးဦးစွာ ဓမ္မကထိကကိုမေးတယ်၊ သံဝေဂရအောင်၊ ဝေဒနာအပေါ်၌ ၎င်း၊ ခန္ဓာငါးပါးအပေါ်၌ ၎င်း၊ သံဝေဂရအောင်၊ ငြီးငွေ့အောင်များများဖြစ်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင် ဓမ္မကထိကပဲ။

ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဆိုတာ ဘာပါလိမ့်မလဲ မေးတဲ့အခါကျတော့ ဝေဒနာရှုနေတဲ့ ပုဂ္ဂိုလ်ဘုရား၊ ဝေဒနာကို ငြီးငွေ့တတ်လာအောင်၊ ဝေဒနာကိုစွန့်လွတ်ချင်တဲ့ သဘောပေါ်အောင်၊ ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့ ပုဂ္ဂိုလ် ကျလာလို့ရှိရင်ဖြင့်၊ အဲဒါ ဓမ္မာနု ဓမ္မပဋိပန္နပုဂ္ဂိုလ်။

## ယခုဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဆိုတာ

(၃) နံပါတ်ကတော့၊ ဒကာ ဒကာမတို့ ဒိဋ္ဌဓမ္မ နိဗ္ဗာန

ပုဂ္ဂိုလ်ဆိုတာ ဘယ်ဟာပါတုံးဆိုတော့ ဝေဒနာယ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓါ အနုပ္ပာဒါ ဝိမုတ္တောဟောတိ-ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တော ဘိက္ခုတိ အလံ ဝစနာယ။

ဘုရားကဟောထားပြန်သောကြောင့် ဝေဒနာကို ငြီးငွေ့ခြင်းကြောင့်၊ ဝေဒနာအပေါ်၌ တပ်မက်ခြင်းကို စွန့်ခြင်းကြောင့်၊ ဝေဒနာကို လုံးဝအတူမနေခြင်းကြောင့်၊ ဝေဒနာချုပ်ရာကို လုံးဝကြိုက်နေသောကြောင့် ဘယ်ဝေဒနာမှ မစွဲလမ်းဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်ဟာတဲ့၊ ဒိဋ္ဌဓမ္မ နိဗ္ဗာန၊ ယခုဘဝ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဟူ၍ ငါဘုရားက ဆိုပါတယ်ကွာတဲ့။

ကိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အစီအစဉ်ကိုင်ပြီးသကာလ၊ ဒကာ ဒကာမတွေအား ဟောပြီ၊ အဲဒီတော့ ခင်ဗျားတို့သည့် ကားလို့ဆိုရင်၊ လုပ်နေတဲ့အလုပ်လည်း၊ အင်မတန်မှ နေရကျတယ်။

## နိဗ္ဗာန်မြင်အောင်တက်လိုက်စမ်းပါ

အဲဒါကြောင့် နိဗ္ဗာန်မြင်အောင်တက်လိုက်စမ်းပါ၊ မရပ်လိုက်ပါနဲ့ဦး၊ မရပ်လိုက်ပါနဲ့ဦး၊ ဒီဝေဒနာကြီးကို စွန့်လွှတ်ချင်တဲ့ အခြေအနေရောက်အောင် ရှုပေးလိုက်စမ်းပါဦး။

အဲဒီကျမှ ရပ်ပါ၊ ဒီပြင်နေရာမရပ်လိုက်ပါနဲ့၊ (မှန်လှပါဘုရား) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ယခုဘ၀နိဗ္ဗာန်ရအောင်ကျင့်ပါ

အလုပ်စခန်းပါပြီလား၊ (ပါပါပြီဘုရား) အေးအလုပ်စခန်းသည်ကားလို့ဆိုရင် ဒိဋ္ဌဓမ္မနိဗ္ဗာန- ယခုဘ၀နိဗ္ဗာန်ရောက်အောင် ကျင့်ပါ၊ ဝေဒနာငြိမ်းငွေ့ခြင်း၊ ထိအောင်လည်း ကျင့်ရမယ်နော်၊ ဝေဒနာချုပ်ငြိမ်းဖို့ စွန့်ခြင်းကကော (ကျင့်ရပါတယ်)။

## ဘုရားကတာဝန်ခံတယ်

အဲဒီကဲ့သို့ ဝေဒနာလည်းငြိမ်းငွေ့မယ်၊ ဝေဒနာထင်ခြင်းကိုလဲ စွန့်လွှတ်တဲ့ ဉာဏ်လည်းလာမယ်ဆိုရင်ဖြင့် ယခုဘ၀နိဗ္ဗာန်ရပြီလို့ ကိုယ်ဟာကိုယ် ဆုံးဖြတ်ချက်ချ၊ ဘုရားတာဝန်ခံတယ်၊ ရှင်းပလား (ရှင်းပါပြီ) ကိုင်း ဒီတွင်တော်ကြဦးစို့. . .

သာဓု၊ သာဓု၊ သာဓု။